www.burmeseclassic.com

ပုဗ္ဗကာလသာဝင်ရုပ်ပေါ်ပိုင်းစာစုတွဲ

# ရုပ်စုံ
# ပုဗ္ဗဝင်အကျဉ်းချုပ်

လှမြင့်အောင် (အပြုရောင်မေတ္တာ)
စီစဉ်ပူဇော်သည်။

www.burmeseclassic.com

www.burmeseclassic.com

အများအကျိုး ရွက်ဆည်ပိုးက

ခန်းခနဲ့ ဆိုကဲ့ရဲ့လည်း

မရွဲ့မစောင်း ကိုယ့်လမ်းကြောင်းကို

စိတ်ကောင်းနှင့်ယှဉ် ရေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၃၂၀၁၁၁၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက် - ၃၂၀၀၉၃၀၃၀၉
ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၀၉၊ မတ်လ။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - **ဓမ္မဒါန**
မျက်နှာဖုံးနှင့် အတွင်းအပြင်အဆင် - M2M Computer

ဖလင် - Eagle နှင့်ကိုမျိုးညွန့် (A-7)
ထုတ်ဝေသူ - ဦးသိန်းလွင် (မြဲ - ၀၄၁၃၇)
ရွှေဟင်္သာစာပေ၊
အမှတ်(၂၆၃)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးဝင်းလွင် (မြဲ - ၀၅၃၆၆)
ရွှေဟင်္သာပုံနှိပ်တိုက်၊
အမှတ်(၃၁)၊ ဦးရွှေဂွန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

o o O o o

**"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း"(CIP)**

လှမြင့်အောင် (အဖြူရောင်မေတ္တာ) ၂၉၄ ・ ၃၈၂၃
ဗုဒ္ဓဘာသာဝင်လူငယ်တိုင်းအတွက် (ရုပ်စုံ)ဗုဒ္ဓဝင်အကျဉ်းချုပ် / လှမြင့်အောင်။
-ရန်ကုန်။ ရွှေဟင်္သာစာပေ၊ ၂၀၀၉။ ၅၅- စာ၊ ၂၀.၈ x ၁၃ စင်တီ။
(၁) ဗုဒ္ဓဘာသာဝင်လူငယ်တိုင်းအတွက် (ရုပ်စုံ)ဗုဒ္ဓဝင်အကျဉ်းချုပ်။


www.burmeseclassic.com

www.burmeseclassic.com

# သင်သေသွားသော်

- ဩော် ။ ။ ။ လူ့ပြည်လောက၊ လူ့ဘဝကား
အိုရနာရ၊ သေရဦးမည်
မုန်ပေသည်တည့်။
- သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
- သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
- သင်ဦးချ၍၊ အမျှဝေရာ
စေတီသာနှင့်၊ သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်းလျက်ဝင်းလျက် ကျန်စေသတည်း။ ။

**ဆရာဇော်ဂျီ**

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| – | (အဖေ)ဆရာကြီး ဦးအောင်သင်း၏ မုဒိတာစကား | – |
| – | ဆရာဦးသိန်းလွင်၏ အမှာမဟုတ်သော အမှာစာ | – |
| – | စာရေးသူ၏ ကျေးဇူးမော်ကွန်း | – |
| – | မြတ်စွာဘုရားဂုဏ်တော်ဖွင့် | – |
| – | ရှပ်စုံ ဗုဒ္ဓဝင်အကျဉ်းချုပ် | ၁ |
| – | ဗုဒ္ဓဝင်အနှစ်ချုပ် | ၂၄ |
| – | သင်္ဂါယနာ (၆)တန် | ၃၅ |
| – | ၃၈–ဖြာမင်္ဂလာတရားတော် | ၄၅ |
| – | ကေသမုတ္တိသုတ်/ ကာလာမသုတ် အနှစ်ချုပ် | ၅၅ |
| – | သာသနာ့အလံ နှင့် ဓမ္မစေတီ | – |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## (အဖေ) ဆရာကြီး ဦးအောင်သင်း၏ မုဒိတာစကား

ဤစာအုပ်ကို ပြုစုထုတ်ဝေသော လှမြင့်အောင် နှင့် အိဇာမွန်တို့ ဇနီးမောင်နှံသည် ကျွန်တော်၏တပည့်များဖြစ်ကြသည်။ တပည့်များဟု ရေးလိုက်ရသည်ကိုပင် အားနာနေမိသည်။ အကြောင်းမှာ ကျွန်တော့်အား **“အဖေ”** ဟု အမြတ်တနိုးခေါ်ကြသည့် သားသမီးများ ဖြစ်နေသောကြောင့်ပင်။

ကျွန်တော့်သားသမီးတို့သည် ကျွန်တော်ကဲ့သို့ပင် ကျောင်းဆရာ၊ ဆရာမများ ဖြစ်ကြသည်။ သို့သော် မည်ကာမတ္တ ကျောင်းဆရာများ မဟုတ်ကြ။ သူတို့၏တပည့်များကို မိမိတို့ရင်သွေးပမာ ချစ်ကြသည်။ ထို့ကြောင့် စာကိုသင်ရုံမက မိဘကိုယ်စား စိတ်ကိုပါသင်ရန် ဤစာအုပ်ကို ပြုစုကြသည်။ ကျွန်တော့်မှာ ကိုယ့်သား၊သမီးမောင်နှံအား ကျောင်းသား မိဘများကိုယ်စား ကျေးဇူးတင် နေမိပြန်သည်။

ပန်းချီရွှေစိုးဟန်သည် ကျွန်ုပ်[illegible]သော့်ညီငယ်ရင်းသဖွယ် ရင်းနှီးခဲ့သည်။ ယခုသော် သူကားမရှိတော့ပြီ။ သို့သော် သူ၏သဒ္ဓါတရား ရောင်ခြည်များသည် ပြန့်ပွားပွင့်လင်းခဲ့လေပြီ။ ရောက်ရာဘဝမှ အနုမောဒနာ ဝမ်းမြောက်စွာပြုနိုင်ပါပြီ။

ကျွန်တော်လည်း ဤသား၊သမီးကို အရတော်လေခြင်းဟု ဝမ်းမြောက်ခြင်းတစ်ဖန် ပီတိဖြစ်ရပြန်ပါလေတော့သည်။ အကြောင်း သော်ကား သူတို့က အိတ်စိုက်လှူပန်း ဤရုပ်စုံဗုဒ္ဓဝင်စာအုပ်ကို အပေါင်းအသင်းရောင်းရင်းများကို စည်းရုံးပြီး ထုတ်ဝေခြင်းကြောင့် သူတို့ကို ချစ်ရင်းစွဲတွင် ကြည်ညိုခြင်းအသစ် ဖြစ်ရပါလေသည်။

ဦးအောင်သင်း (၁၇-၂-၂၀၀၃)

www.burmeseclassic.com

www.burmeseclassic.com

# ‘အမှာစာမဟုတ်သော အမှာစာ’

လူ့လောကအတွင်းသို့ လူသားတစ်ယောက်အဖြစ် ဝင်ရောက်လာသူတိုင်း ‘‘လူ’’ပီသရန်လိုပါသည်။ ‘‘လူ’’ပီသရန် အဓိက အချက်မှာ ‘‘မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍ စိတ်ကိုဖြူစင်အောင်ထားနိုင်မှု’’တို့ဖြစ်သည် ဟု ကျွန်တော် ယုံကြည် မိပါသည်။ မကောင်းမှုရှောင်၍ ကောင်းမှုဆောင်နိုင်ရန်မှာ ဘာသာတရား၏အဆုံးအမတို့ လိုအပ်ပါမည်။ ‘‘ဘာသာတရား’’ ဆိုရာတွင် အစွန်း မရောက်ပါက မည်သည့်ဘာသာတရားမဆို လေးစားကြည်ညိုဖွယ်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ခရစ်ယာန်၊ မူစလင်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ ရိုးရာဝလေ့ထုံးစံကိုးကွယ်သူနှင့် ဘာသာမဲ့ Free Thinker (မည်သည့် ဘာသာဝင်ဟူ၍ သီးသန့်အမည်မခံဘဲ ဘာသာအားလုံးကို လေ့လာပြီး Ethics ကိုယ်ကျင့်တရားဖြင့် မိမိကိုယ်မိမိ ထိန်းသိမ်းနေသူများ) စသည်ဖြင့် မိမိတို့ယုံကြည်ချက်ဖြင့် ရှင်သန်ရပ်တည်နေကြသူ အမျိုးမျိုးရှိကြပါသည်။ ကျွန်တော်တို့နိုင်ငံတွင်မူ ဗုဒ္ဓဘာသာဝင်အများစု ရှိသည်။ ဗုဒ္ဓ၏အဆုံးအမဖြင့် လောကကို အလှဆင်နေကြသူများဖြစ်သည်။ ရိုသေထိုက်သူကို ရိုသေရန်၊ မိမိကိုယ်မိမိ နှိမ့်ချ၍ ယဉ်ကျေးမှုရှိစေရန်၊ ဂါရဝ–နိဝါတ တရားတို့ကို စတင် သင်ကြားပေးသည်။ အသိပညာ အတန်ငယ် ကြွယ်ဝလာသောအခါတွင်မူ သူတစ်ပါးအသက်ကို မသတ်ရ၊ သူတစ်ပါး ဥစ္စာပစ္စည်းကို မခိုးယူရ၊ သူတစ်ပါးအား လိမ်လည်လှည့်ဖြား ပြောဆိုခြင်းမပြုရ၊ သူတစ်ပါး၏ ကာမဂုဏ်ကို မှားယွင်းယုတ်မာစွာ မကျူးလွန်ရ၊ စိတ်ကိုပြောင်းလဲစေသော၊ ယစ်မူးစေသော သေရည်သေရက် စသည်ကို မသောက်ရ၊ မသုံးစွဲရ စသည်ဖြင့် အခြေခံလောကပါလတရားတို့ကို ချမှတ်သင်ကြားပေးသည်။ ‘‘မကောင်းမှုရှောင်၍ ကောင်းမှုကိုဆောင်စေသည်။’’ အရွယ်ရောက်လာသောအခါတွင်မူ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို အစွမ်းကုန်လေ့လာနိုင်သည်။ မိမိပါရမီအလျောက် ကြိုးစားလျှင် ကြိုးစားသလောက် အကျိုးများနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ၃၇၈–သန်း ၈–သိန်းကျော်ရှိသည်ဟု ဆိုပါသည်။ ဗုဒ္ဓဘာသာဝင် အများဆုံးရှိသော တိုင်းပြည်မှာ တရုတ်ပြည်ဖြစ်ပြီး၊ ဒုတိယမှာ ဂျပန်၊ တတိယမှာ ထိုင်း၊ စတုတ္ထမှာ ဗီယက်နမ် တို့ဖြစ်သည်။ မြန်မာနိုင်ငံမှာ ပဉ္စမမြောက် ဗုဒ္ဓဘာသာကို ကိုးကွယ်သူအများဆုံးရှိသော တိုင်းပြည်ဖြစ်သည်ဟု ကမ္ဘာ့မှတ်တမ်းများက ဆိုပါသည်။ သို့သော် ထေရဝါဒ ဗုဒ္ဓဘာသာ အထွန်းကားဆုံး နိုင်ငံမှာမူ မြန်မာနိုင်ငံဖြစ်သည်ဟု ဆိုရပါမည်။ ကျွန်တော်တို့နိုင်ငံတွင် လူငယ်အများစုမှာ ဗုဒ္ဓ၏အဆုံးအမကြောင့် လိမ္မာယဉ်ကျေးနေကြသည်။ လောကကို ကောင်းကျိုးပြုနေကြသည်။ သို့သော် အချို့လူငယ်တို့မှာ ဗုဒ္ဓ၏ဖြစ်စဉ်၊ ဗုဒ္ဓ၏တရားတော်တို့နှင့် ကင်းကွာနေကြသည်။ ထိုကင်းကွာနေသော လူငယ်တို့ဖတ်ရန်ဟု ထူထဲနက်နဲသော တရားစာအုပ်ကြီးများကို ပေးလျှင်လည်း ဖတ်ဖြစ်ကြမည်မဟုတ်။ လူငယ်ထု၏ စာဖတ်လိုစိတ်ကို နှိုးဆွပေးနိုင်မည့် ပေါ့ပါးထိရောက်၍ဆွဲဆောင်မှုရှိသော စာအုပ်ကောင်းများ လိုအပ်သည်။

ထိုလိုအပ်ချက် ထိုဟာကွက်ကို ကျောင်းဆရာကျောင်းဆရာမ (ကိုလှမြင့်အောင် နှင့် မအိဇာမွန်)တို့ ဇနီးမောင်နှံက ဖြည့်ဆည်းသည်။ အတတ်လည်းသင်၊ ပွဲပြင်ဆုံးမလိုကြသူ မွန်မြတ်လှသော ဇနီးမောင်နှံတို့ဖြစ်ကြပါသည်။ ထို့ပြင်ဤစာအုပ်မှာ ဓမ္မဒါန 'အခမဲ့'။

သူတို့ရည်ရွယ်ချက်၊ သူတို့စေတနာမှာ ကြီးမားလှသည်၊ လူငယ်လူရွယ်တို့ အသိဉာဏ်တိုးပွားမည် . . . လိမ္မာယဉ်ကျေးလာကြမည် . . . ဘာသာတရားကို ဆက်လက်လေ့လာလိုစိတ်ရှိလာကြမည် . . . ဟုဆိုလျှင် သူတို့ကျေနပ်ပါပြီ . . . ဟုဆိုသည်။

ကျွန်တော့်အနေနှင့်မူ ထို့ထက်ပိုသည်ဟုထင်ပါသည်။ အမျိုးကိုချစ်သော ဘာသာသာသနာကို မြတ်နိုးသော၊ လူငယ်တို့ကောင်းကျိုးကိုလိုလားသော၊ လူငယ်ထုကို မေတ္တာထားသော မည်သူမဆိုအတွက် ဤစာအုပ်သည် မရှိမဖြစ်စာတစ်အုပ် ဟု ကျွန်တော် ဆိုချင်ပါသည်၊ ဆိုရဲပါသည်၊ ဆိုပါသည်။

ချစ်ခင်လေးစားစွာဖြင့်

မောင်သိန်းလွင်

၂၀၀၉ ခု၊ မတ်လ။

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ကျေးဇူးဖော်ကွန်း

ဤ(ရုပ်စုံ)ဗုဒ္ဓဝင်အကျဉ်းချုပ် စာအုပ်ငယ်ကို စီစဉ်ပူဇော်ဖြစ်တဲ့ အကြောင်းလေးပြောရင် ကျွန်တော့်အလုပ်ကပဲ စရပါလိမ့်မယ်။ ကျွန်တော့်အလုပ်က စာသင်တယ်။ (ကျူရှင်)ကျောင်းဆရာဆိုပါတော့။ ဒီတော့ ကျွန်တော်အမြဲတမ်းထိတွေ့ဆက်ဆံနေရတာက ကျွန်တော့်တပည့် (၉–တန်း၊ ၁၀–တန်း) ဆယ်ကျော်သက်အရွယ် လူငယ်တွေပါ။ ဒီလို သူတို့လေးတွေကို စာသင်ပေးရင်းနဲ့ ကျွန်တော် သတိထားမိလာတာက (ကျွန်တော့်တပည့်) ဗုဒ္ဓဘာသာဝင်လူငယ်လေးတွေဟာ သူတို့ကိုးကွယ်ဆည်းကပ်ပူဇော်နေတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့အကြောင်း (ဗုဒ္ဓဝင်)ကို သိနားလည်မှုမှာ အတော်လေးကို အားနည်းနေတယ်ဆိုတာပဲ။ တပည့်တွေ မသိနားမလည်တာကို သိရှိနားလည်လာအောင် သင်ပြပေးနေတဲ့ ဆရာ(မိဘ) တစ်ယောက်အနေနဲ့ရော၊ ကျွန်တော့်ရဲ့တပည့်ငယ်(ထမင်းရှင်)တွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ပါ ဤစာအုပ်ကို စီစဉ်ပူဇော် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ဤစာအုပ်မှာပါတဲ့ အကြောင်းအရာ (ဗုဒ္ဓဝင်၊ သင်္ဂါယနာ၊ ၃၈–ဖြာမင်္ဂလာ) ၃–ပိုင်းလုံးကို ကျွန်တော့်တပည့်ငယ်တွေနဲ့ ကျွန်တော့်တပည့်အရွယ် လူငယ်တွေနားလည်နိုင်ဖို့အတွက် အရိုးရှင်းဆုံးအရေးအသားနဲ့ ရေးသားထားသလို သူတို့လေးတွေ ဖတ်ချင့်စဖွယ် ဖြစ်အောင်၊ ဘုရားရှင်ရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကိုလည်း ကြည်ညိုသဒ္ဓါပွားများနိုင်အောင် ကွယ်လွန်သူ ကျွန်တော့်ရဲ့နောင်တော်ကြီး ပန်းချီရွှေစိုးဟန်ရဲ့ ပန်းချီကားတွေကို ရနိုင်သမျှစုစည်းပြီး စီစဉ်ဖြစ်ခဲ့ပါတယ်။

ဤစာအုပ်ထဲမှာပါရှိတဲ့ အကြောင်းအရာ၊ အရေးအသားအားလုံးဟာ ကလေးသာသာအရွယ် လူငယ်များနားလည်နိုင်ရုံ တကယ့်ကို အကျဉ်းမျှသာ ဖြစ်ပါတယ်။ တတ်၊ သိ၊ နားလည်ပြီးသား ပညာရှင်များအတွက် မရည်ရွယ်ခဲ့ရိုးအမှန်ပါ။ **သို့သော်** ပညာရှင်များမှ ဖတ်ရှုဆင်**ခြင်မိ၍** ချွတ်ယွင်းမှု **တစ်စုံတစ်ရာ**တွေ့ရှိခဲ့ပါက ကျွန်တော်၏အားနည်းချက်သာဖြစ်ပါကြောင်း**နှင့်** ဝေဖန်အကြံပြုမည်**ဆိုပါကလည်း** လှိုက်လှဲစွာ လက်**ခံနာယူ** ပြင်ဆင်ပါမ**ည့်အကြောင်း** ပြောကြားလိုပါတယ်။

---

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်ကို ကျွန်တော့်စီးပွားရေးအတွက် ရည်ရွယ်ထုတ်ဝေခြင်းမဟုတ်ပါ။ ထေရဝါဒဗုဒ္ဓသာသနာတော် အဓွန့်ရှည်ကြာ တည်တံ့စေရန် ဟူသော စေတနာသန့်သန့်ဖြင့် ဓမ္မဒါနပြုရန်သာ စီစဉ်ခဲ့ခြင်းဖြစ်ပါ၍ အခကြေးငွေဖြင့် အမြတ်ထုတ်ခြင်းမပြုကြပါရန် မေတ္တာရပ်ခံ အပ်ပါတယ်။

အခက်အခဲများစွာကြားမှ ဤစာအုပ်ဖြစ်မြောက်အောင် ဝိုင်းဝန်းအားပေးပံ့ပိုးကူညီခဲ့ကြသည့် –

- ဤစာအုပ်တွင်ပါရှိသော ဗုဒ္ဓဝင်သရုပ်ဖော်ပန်းချီများကို ရေးဆွဲပူဇော်ခဲ့သော ကွယ်လွန်သူ ကျွန်တော်၏နောင်တော်ကြီး ပန်းချီရွှေစိုးဟန်၊
- ထိုဗုဒ္ဓဝင်ပန်းချီကားများကို စေတနာအရင်းခံကာ အသုံးပြုခွင့်ပေးခဲ့သော ကျွန်တော်၏အစ်မ ပန်းချီရွှေစိုးဟန်၏ဇနီးဒေါ်စုစုတင်နှင့် မိသားစု၊
- ဤစာအုပ်ကို တည်းဖြတ်အကြံပေးကာ အမှာစာချီးမြှင့်ပေးခဲ့သော (အဖေ)ဆရာကြီး ဦးအောင်သင်း၊
- မအားလပ်သည့်ကြားမှ စာအုပ်အစပြုချိန်မှစ၍ အဆုံးတိုင်ပံ့ပိုးကူညီပေးသည့်အပြင် အမှာစာချီးမြှင့်ပေးပါသော ဆရာဦးသိန်းလွင်၊
- ဤစာအုပ်ကိုရေးသားစီစဉ်ဖြစ်အောင် အစဦးဆုံးအကြံဉာဏ်ပေးကာ စာအုပ်ဖြစ်မြောက်ရေးအတွက် မိမိနှင့်ထပ်တူ အပင်ပန်းခံကြိုးစား ဆောင်ရွက်ခဲ့သော ချစ်ဇနီး အိဇာမွန်၊
- ဝိုင်းဝန်းအားဖြည့်ကူညီပေးခဲ့ကြသော အဖြူရောင်မေတ္တာမှ သူငယ်ချင်းများ နှင့် ဓမ္မဒါနကုသိုလ်ရှင်များ၊
- မေတ္တာဖြင့် စာရိုက်ပေးခဲ့သော ကိုအောင်ကျော် (သိန်းသန်းကွန်ပျူတာ)၊
- လိုအပ်သောအကူအညီများပေးခဲ့ကြသော ကိုဝင်းနိုင် နှင့် ကိုမျိုးညွန့်၊
- ရုံးလုပ်ငန်းကိစ္စအဝဝအတွက် ရွှေဟသာ်ာစာပေမှ ညီမငယ်စိုးစိုး၊
- **အထူးအားဖြင့်** မိမိ၏ ကျေးဇူးရှင်မိဘနှစ်ပါး၊ ဆရာသခင်ကျေးဇူးရှင်အပေါင်းနှင့် မိမိအပေါ် ကျေးဇူးပြုခဲ့ကြသူများ အားလုံးကို ဤစာအုပ်ဖြင့် ကျေးဇူးဆပ်လိုက်ရပါသည်။

**လှမြင့်အောင်** (အဖြူရောင်မေတ္တာ)

**၁-၃-၂၀၀၉**

www.burmeseclassic.com

www.burmeseclassic.com

## မြတ်စွာဘုရားဂုဏ်တော်ဖွင့်

| | | |
|---|---|---|
| အရဟံ | – | ပူဇော်အထူးကိုခံယူတော်မူထိုက်သော မြတ်စွာဘုရား။ |
| အရ ဟံ | – | ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။ |
| အ ရဟံ | – | ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကိုပြုတော်မမူသော မြတ်စွာဘုရား။ |
| သမ္မာသမ္ဗုဒ္ဓေါ | – | သိမြင်စရာအားလုံးတို့ကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် မချွင်းမချန် သိမြင်တော်မူသော မြတ်စွာဘုရား။ |
| ဝိဇ္ဇာစရဏ သမ္ပန္နော | – | ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ အကျင့်သီလ(၁၅)ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ |
| သုဂတော | – | ကောင်းသောစကား(မှန်ကန်၍ အကျိုးရှိသောစကား)ကိုသာ ဆိုတော်မူသော မြတ်စွာဘုရား။ |
| လောကဝိဒူ | – | လောကသုံးပါးကို မြင်တော်မူသော မြတ်စွာဘုရား။ |
| အနုတ္တရောပုရိသဒမ္မသာရထိ | – | ဆုံးမထိုက်သောသတ္တဝါတို့ကို အတုမရှိဆုံးမတော်မူသော မြတ်စွာဘုရား။ |
| သတ္ထာဒေဝမနုဿာနံ | – | နတ်၊လူတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရား။ |
| ဗုဒ္ဓေါ | – | သစ္စာလေးပါးကို ကိုယ်တိုင်လည်းသိတော်မူ၊ သူတစ်ပါးကိုလည်း သိအောင်ဟောတော်မူသော မြတ်စွာဘုရား။ |
| ဘဂဝါ | – | ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ |

www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓဘာသာဝင် လူငယ်တိုင်းအတွက်

# ရုပ်စုံဗုဒ္ဓဝင်အကျဉ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com

### အနန္တော အနန္တငါးပါးကို ရိုသေလေးမြတ်စွာ ရှိခိုးဦးခိုက်ပူဇော်ပါ၏။

| ဘာသာ | တည်ထောင်သူ | နေရာ | ခုနှစ် |
|---|---|---|---|
| ဗုဒ္ဓ | ဗုဒ္ဓ(သိဒ္ဓတ္ထ) | ကပိလဝတ် | BC - ၆၂၃ (or) ၅၆၃ |
| ခရစ်ယာန် | ခရစ်တော် | ဂျေရုစလင် | AD - ၁ |
| အစ္စလာမ် | မိုဟာမက် | မက္ကာ | AD - ၆၁၀ (မွေး-၅၇၀) |

ဒီတစ်ခါတော့ မင်းတို့ကို ဗုဒ္ဓဝင်အကြောင်း နည်းနည်းပြောပြချင်တယ်။ ဒီဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူပြီးခဲ့တဲ့ "ကကုသန်၊ ကောဏာဂုဏ်၊ ကဿပ၊ ဂေါတမ" ဆိုတဲ့ ဘုရားလေးဆူထဲကမှ ဂေါတမမြတ်စွာဘုရားရဲ့ အကြောင်းလေးပါ။ မင်းတို့လို ဗုဒ္ဓဘာသာဝင် လူငယ်တွေအနေနဲ့ သိသင့်သိထိုက်တဲ့အကြောင်းအရာမို့လို့လဲ ပြောပြချင်တာပါ။

ဗုဒ္ဓဆိုတာ "သဗ္ဗညုမြတ်စွာဘုရား"ကို ခေါ်တယ်။

ဗုဒ္ဓဘုရားရဲ့ တရားတော်(စကားတော်)များကိုတော့ "ဗုဒ္ဓဘာသာ" လို့ခေါ်တယ်။

ဗုဒ္ဓရဲ့တရားတော်အတိုင်း လိုက်နာကျင့်သုံးနေထိုင်သူတွေကို "ဗုဒ္ဓဘာသာဝင်" လို့ခေါ်တယ်။

ဗုဒ္ဓ(ဘုရား)အကြောင်း မှတ်တမ်းတင်ထားခြင်းကိုတော့ "ဗုဒ္ဓဝင်" လို့ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com





၁။ သုမေဓာသူဌေးသား ရသေ့ရဟန်းပြုတော်မူပုံ။

၁။ ဟိုးလွန်လေပြီးတဲ့အချိန်က ဘုရားလောင်းဟာ အမရဝတီလို့ခေါ်တဲ့ ပြည်တော်မှာ သုမေဓာအမည်နဲ့ သူဌေးသားဖြစ်ခဲ့တယ်။ ဒီလိုနဲ့ နေလာခဲ့တာ မိဘတွေ ကွယ်လွန်သွားတော့ ကျန်ရစ်ခဲ့တဲ့ပစ္စည်းဥစ္စာတွေကို ကြည့်ပြီး သုမေဓာသူဌေးသားလေး စဉ်းစားတယ်။ 'ငါ့မိဘတွေဟာ ပစ္စည်းဥစ္စာတွေကို ရှာသာရှာနိုင်ကြတယ်၊ ယူမသွားနိုင်ကြဘူး။ ဒါကြောင့် ဒီပစ္စည်းဥစ္စာတွေကို စွန့်လှူပြီး တောထွက်ကာ ရသေ့ရဟန်းပြု၊ ကုသိုလ်ရှာတော့မယ်' လို့ စဉ်းစားဆုံးဖြတ်ခဲ့တယ်။ အဲဒီနောက်တော့ သူပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာတွေကို အလှူကြီးပေးကာ တောထွက်ပြီး ရသေ့ရဟန်းပြုသွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၂။ တစ်နေ့တော့ တောထွက်ပြီးတရားရှာတဲ့ "သုမေဓာရှင်ရသေ့"လေးဟာ ဈာန်အဘိညာဉ်ရပြီး ကောင်းကင်ခရီးကနေ ကြွတော်မူလာတယ်။ ဒီအချိန်မှာ "ရမ္မာမြို့"က မြို့သူမြို့သားတွေဟာ ဒီပင်္ကရာမြတ်စွာဘုရား နဲ့ နောက်ပါသံဃာတော်တွေကြွလာမယ့်လမ်းကို ပြုပြင်နေကြတယ်။ သုမေဓာရသေ့လည်း ကုသိုလ်ပါဝင်ချင်တာနဲ့ ကောင်းကင်ကဆင်းပြီး နေရာတစ်ကွက်တောင်းယူပြင်ဆင်တယ်။ ဒါပေမဲ့ လမ်းပြင်လို့ မပြီးခင်မှာဘဲ ဘုရားရှင်နဲ့ နောက်ပါသံဃာတော်တွေ ကြွချီတော်မူလာကြတယ်။ သုမေဓာရှင်ရသေ့လည်း ပြုပြင်လို့မပြီးသေးတဲ့ ရွံ့ညွန်ပေါ်မှာ မိမိကိုယ်ကို အလျားမှောက်ကာ တံတားသဘောမျိုးခင်းပေးလိုက်တယ်။

အဲဒီအချိန်မှာပဲ ကြာပန်းရှစ်ပွင့်ကိုင်ပြီး ဘုရားရှင်ကိုဖူးမြော်ဖို့ရောက်နေတဲ့ "သုမိတ္တာ"အမျိုးသမီးလေးဟာ သုမေဓာရသေ့လေးရဲ့ ကိုယ်ကျိုးစွန့်မှုကိုမြင်တော့ ကြည်ညိုသဒ္ဓါပွားမိတယ်။ ဒါနဲ့ သူ့လက်ထဲက ကြာပန်းငါးပွင့်ကို သုမေဓာရှင်ရသေ့ကို လှူလိုက်တယ်။ သုမေဓာရှင်ရသေ့လည်း မိမိဦးခေါင်းရင်းမှာရှိနေတဲ့ ဘုရားရှင်ကို ကြာပန်းငါးပွင့်ကပ်လှူပြီး **'ကျွန်ုပ်သည် နောင်အခါ ဤဘုရားရှင်ကဲ့သို့ သတ္တဝါတို့အား ကယ်တင်နိုင်သူ ဖြစ်ရပါလို၏။'** လို့ အဓိဋ္ဌာန်ပြုဆုတောင်းတယ်။ သုမိတ္တာအမျိုးသမီးလေးကလည်း ကြာပန်းသုံးပွင့်ကပ်လှူပြီး **'ဤရှင်ရသေ့၏ပါရမီကို ကူညီဖြည့်ရပါလို၏'** လို့ အဓိဋ္ဌာန်ပြုဆုတောင်းပြန်တယ်။ **'ဒီပင်္ကရာမြတ်စွာဘုရားရှင်'** လည်း "ရှင်ရသေ့သည် နောင်အခါ ဂေါတမဘုရားဖြစ်လိမ့်မည်။ ဤအမျိုးသမီးကား ပါရမီဖြည့်ဖက်ဖြစ်လိမ့်မည်"လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



၃။ “ဒီပင်္ကရာမြတ်စွာဘုရား”ရှေ့မှောက်မှာ ဗျာဒိတ်စကားနာကြားပြီးတဲ့အချိန်ကစလို့ ဘုရားအလောင်းတော်ဟာ **‘လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း’** ပါရမီဖြည့်ကျင့်ခဲ့တယ်။ နောက်ဆုံး **ဝေဿန္တရာမင်းကြီး**ဘဝကနေ လွန်တဲ့အခါ **တုသိတာနတ်ပြည်**မှာ **‘သေတကေတု’** အမည်နဲ့ နတ်မင်းဖြစ်လာတယ်။ အဲဒီနတ်မင်း နတ်သက်စေ့လို့ စုတေချိန်နီးတဲ့အခါ နတ်ဗြဟ္မာအပေါင်းက လူ့ပြည်မှာ ဘုရားပွင့်ချိန်တန်ပြီဖြစ်ကြောင်း၊ ဒါကြောင့် လူ့ပြည်မှာ ပဋိသန္ဓေတည်နေတော်မူဖို့ ဝိုင်းပြီးတောင်းပန်လျှောက်တင်ကြတယ်။ အလောင်းတော်နတ်သားလည်း **‘ကြည့်ခြင်းငါးရပ်’**နဲ့ ဆင်ခြင်တော်မူပြီး နတ်ဗြဟ္မာတို့ရဲ့ လျှောက်ထားတောင်းပန်မှုကို လက်ခံတော်မူလိုက်တယ်။

ကြည့်ခြင်းငါးရပ်

- တက်ကပ်ဆုတ်ကပ် ကာလနှစ်ပါးတို့တွင် ဆုတ်ကပ်ကာလသက်တမ်းကို ကြည့်ခြင်း။
- ကျွန်းကြီးလေးကျွန်းအနက် (မြင်းမိုရ်တောင်၏လက်ျာဘက်ရှိ) ဇမ္ဗူဒီပါ (ခ) တောင်ကျွန်းကို ကြည့်ခြင်း။
- တောင်ကျွန်း၏အလယ်ဒေသ ဗဟိုချက်ချာကျသော ဗောဓိပင်ပေါက်ရာအရပ်(မဇ္ဈိမဒေသ)ကို ကြည့်ခြင်း။
- အမျိုးလေးပါးတွင် ဗြဟ္မဏ နှင့် မင်းမျိုးကိုသာ ကြည့်ခြင်း။
- ဘုရားလောင်းဖွားမြင်ပြီးနောက် ၇-ရက်ကြာလျှင် သေဆုံးမည့် မိခင်၏သက်တမ်းအပိုင်းအခြားကို ကြည့်ခြင်း။

www.burmeseclassic.com


www.burmeseclassic.com



၃။ လူ့ပြည်သို့ဝင်၍သန္ဓေတည်တော်မူရန် အလောင်းတော်နတ်သားအား နတ်ဗြဟ္မာများတောင်းပန်လျှောက်တင်နေပုံ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၄။ **ကပိလဝတ်**နေပြည်တော်ကြီးမှာ မြင့်မြတ်တဲ့ သာကီဝင်မျိုးနွယ် ဘုရင်**သုဒ္ဓေါဒန** နဲ့ တောင်ညာစံ မိဖုရားကြီး **မဟာမာယာဒေဝီ** တို့ စံမြန်းနေကြတယ်။ ဒီလိုနဲ့ **မဟာသက္ကရာဇ် (၆၇)ခု၊ ဝါဆိုလပြည့်နေ့**မှာ မိဖုရားကြီးဟာ ဥပုသ်သီတင်းစောင့်၊ အလှူဒါနပြုပြီး စက်ရာဆောင်ကို ဝင်ခဲ့တယ်။ စက်ရာညောင်စောင်းပေါ်မှာ လျောင်းစက်အိပ်ပျော်နေစဉ်မှာပဲ "ကောင်းကင်မှာရှိနေတဲ့ ရွှေတောင်ကြီးပေါ်ကနေ ဆင်ဖြူတော်တစ်စီး ဆင်းလာပြီးတော့ မိဖုရားကြီးရဲ့ ယာဘက်နံပါးကို ဖောက်ပြီးဝင်လာတယ်"လို့ အိပ်မက်ဆန်းမြင်မက်တယ်။ မိဖုရားကြီးလည်း ထူးဆန်းတဲ့ အိပ်မက်အရ မြတ်သောသန္ဓေသား ရောက်လာပြီဆိုပြီး ဝမ်းသာနေတာပေါ့။

---→ သန္ဓေစံတော်မူချိန်တွင် မြေ၊ရေတစ်ပြိုင်နက်တုန်လှုပ်ခြင်း၊ ပူခြင်း၊ အေးခြင်း ကင်းငြိမ်းမှုတခြင်း စသည့် **ပုဗ္ဗနိမိတ်** (၃၂)ပါး ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ အလောင်းတော်ပဋိသန္ဓေယူပြီး ဆယ်လကြာတဲ့အချိန် **မဟာသက္ကရာဇ်(၆၈)ခု၊ ကဆုန်လပြည့်နေ့မှာ** မဟာမာယာဒေဝီ မိဖုရားကြီးဟာ မိမိရဲ့ဆွေတော်မျိုးတော်တွေရှိတဲ့ ဒေဝဒဟပြည်ကို သွားချင်စိတ်ဖြစ်လာတယ်။ တားမရတဲ့အဆုံးမှာတော့ **သုဒ္ဓေါဒနမင်းကြီးလည်း** အခြွေအရံ၊ အဆောင်အယောင်၊ မင်းခမ်းမင်းနား၊ ရွှေထမ်းစင်တွေစီစဉ်ပြီး ထွက်တော်မူဖို့ခွင့်ပြုလိုက်တယ်။

ကပိလဝတ်နဲ့ ဒေဝဒဟပြည်ကြားမှာရှိတဲ့ အလွန်သာယာလှတဲ့ **အင်ကြင်းဥယျာဉ်ကြီးကို**ရောက်တော့ ခေတ္တနားတော်မူတယ်။ ဥယျာဉ်ကြီးတစ်ခုလုံး ဝေဝေဆာဆာပွင့်နေတဲ့ အင်ကြင်းပန်းတွေကိုမြင်ပြီး ပန်းတစ်ပွင့်ခူးဖို့အလှမ်းမှာပဲ မိဖုရားကြီးရဲ့ဝမ်းကြာတိုက်ကနေ အလောင်းတော်မင်းသားလေးကို ဖွားမြင်သန့်စင်တော်မူတယ်။

အလောင်းတော်မင်းသားလေးဟာ မယ်တော်ဝမ်းကနေ ဖွားလျှင်ဖွားချင်းပဲ ခြေခုနစ်လှမ်းလှမ်းပြီး **'ငါသည် အဦးဆုံး၊ ငါသည် အကြီးကျယ်ဆုံး၊ ငါသည် အမြတ်ဆုံး ဖြစ်သည်'** လို့ လက်ညှိုးလေးထောင်ကာ စကားသုံးခွန်းဆိုတော်မူတယ်။

- လုမ္ဗိနီ အင်ကြင်းဥယျာဉ် (လုမ္ဗိနီသာမော အင်ကြင်းတော) – နီပေါနိုင်ငံအတွင်းတွင်ရှိ။
- အိန္ဒိယနိုင်ငံမြောက်ဘက်တွင် ၁၈၅၇ –ခုနှစ်ထိတည်ရှိခဲ့။
- ယခုအခေါ် – ရုမ္မိန်ဒေအီ (လုပသောဥယျာဉ်)
- BC – ၆၂၃ (မြန်မာဗုဒ္ဓဘာသာဝင်တို့အလိုအရ) **(သို့မဟုတ်)** BC – ၅၆၃ (ဝံသကျမ်းများအလိုအရ)


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၆။ အလောင်းတော်သိဒ္ဓတ္ထမင်းသား ဗိုလ်ခြေပရိသတ်အလယ်တွင် လေးအစွမ်းပြနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



၆။ ဘုရားအလောင်းတော်မင်းသားလေးကို အလုံးစုံသော လောက၏အကျိုးစီးပွားကို ပြီးစီးအောင်မြင်စေတတ်သော သားတော်ဖြစ်မှာမို့ **'သိဒ္ဓတ္ထကုမာရ'** လို့ အမည်တော်မှည့်ကြတယ်။

အလောင်းတော်မင်းသားလေးကိုကြည့်ပြီး ပုဏ္ဏားတော်တို့က "စကြဝတေးမင်းဖြစ်ရင်လဲဖြစ်၊ ဘုရားဖြစ်ရင်လည်းဖြစ်ရမယ်" လို့ ဟောကြားကြတယ်။ အငယ်ဆုံးပုဏ္ဏား **သုဒတ္တ(ကောဏ္ဍည)**ကတော့ "ဘုရားစင်စစ် ကေန်ဖြစ်ရမယ်" လို့ ရဲရဲဝံ့ဝံ့ဆိုလိုက်တယ်။ဒီလိုနဲ့ သိဒ္ဓတ္ထမင်းသား (၁၆)နှစ်အရွယ်ရောက်တဲ့အခါ ဆွေတော်မျိုးတော်အသိုင်းအဝိုင်းက "ရုပ်အဆင်းသာရှိ၍ ပညာအရည်အချင်းမရှိသူ" လို့ ဝိုင်းဝန်းကဲ့ရဲ့ကြတယ်။ ဒါကြောင့် အလောင်းတော်မင်းသားလည်း ပရိသတ်ရဲ့အလယ်မှာ ဗိုလ်ခြေတစ်ထောင်တင်မှရနိုင်တဲ့ လေးတော်ကို တစ်ချက်တည်းမြှောက်ချီ ပစ်ခတ်ပြလိုက်တယ်။ ဆွေတော်မျိုးတော်ပရိသတ်အားလုံးဟာ အလောင်းတော်မင်းသားရဲ့စွမ်းရည်ကို အံ့ဩချီးကျူးလို့ မဆုံးဖြစ်ကြရတယ်။

သိဒ္ဓတ္ထမင်းသား လေးအစွမ်းပြအပြီးမှာ ဒေဝဒဟပြည်ကဆက်သလာတဲ့ ဘဒ္ဒကစ္စနာမင်းသမီးကို **ယသော်ဓရာ** ဘွဲ့အမည်နဲ့ မိဖုရားမြှောက်ပြီး နန်းသိမ်းပွဲခံကာ ရွှေနန်းသုံးဆောင်မှာ စိုးစံတော်မူတယ်။

---- နန်းသိမ်းပွဲခံ ✱ BC - ၆၀၇

www.burmeseclassic.com

www.burmeseclassic.com



၇။ အလောင်းတော်မင်းသားဟာ ရွှေနန်းစည်းစိမ်တွေခံစားရင်း **နန်းစံသက်(၁၃)နှစ်၊ သက်တော်(၂၉)နှစ်** အရွယ် ရောက်လာတယ်။ တစ်နေ့ ဥယျာဉ်တော်ကို ထွက်တော်မူရာမှာ နတ်တို့ဖန်ဆင်းပြတဲ့ သူအို၊ သူနာ၊ သူသေ၊ ရဟန်း **နိမိတ်ကြီးလေးပါး** တို့ကို မြင်တော်မူလေတယ်။ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲတို့ကို သိမြင်ကြောက်ရွံ့တော်မူလာပြီး ရဟန်းအဖြစ်ရဲ့ အေးငြိမ်းချမ်းသာခြင်းကို နှစ်သက်အားကျကာ 'ယနေ့ပင် တောထွက်ရဟန်းပြုတော့မယ်' လို့ ဆုံးဖြတ်ရင်း ဥယျာဉ်တော်ကိုဆက်မသွားတော့ဘဲ နန်းတော်ကိုသာ ပြန်ကြွတော်မူလာတယ်။

နိမိတ်ကြီးလေးပါးကိုမြင်ကာ သတိသံဝေဂဖြစ်ပြီး ရဟန်းပြုချင်စိတ်ပြင်းပြနေတဲ့ အလောင်းတော်မင်းသားဟာ ညသန်းခေါင်ယံအချိန်မှာ '**ဆန္န**အမတ်'ကိုခေါ်ပြီး စီးတော်မြင်း'**ကဏ္ဍက**'ကို ကကြိုးဆင်စေတယ်။ နန်းတော်ကထွက်ခါနီးမှာ အလောင်းတော်မင်းသားလည်း တစ်ခါမှမမြင်ရသေးတဲ့ ဖွားမြင်စသားတော်လေးကိုရှုစားဖို့ ယသော်ဓရာမိဖုရားရဲ့စက်ရာဆောင်နန်းကို ကြွတော်မူပြီးလျှင်ပြီးချင်းပဲ မြင်းပေါ်တက်ကာ မြို့ပြင်ကို ထွက်တော်မူတယ်။

---- နိမိတ်ကြီးလေးပါးမှ သူအိုနိမိတ်ကို စတင်မြင်ချိန် ။ BC - ၅၉၅
---- နိမိတ်ကြီးလေးပါးကို မြင်ပြီးတောထွက်ချိန် ။ BC - ၅၉၄

www.burmeseclassic.com

www.burmeseclassic.com



၂၇။ နိမိတ်လေးပါးကိုမြင်တော်မူအပြီး တောထွက်ခါနီး သားတော်လေးအားရှုစားတော်မူပုံ။

www.burmeseclassic.com



၇။ အလောင်းတော်မင်းသား တောထွက်တော်မူရာသို့ မာရ်နတ်လာရောက်တားဆီးနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



၈။ အလောင်းတော်မင်းသား ကဏ္ဍကမြင်းကိုစီးပြီး မြို့တော်ကထွက်လာတယ်ဆိုရင်ပဲ ကုသိုလ်ကောင်းမှုပြုတာကို မလိုလားတဲ့ မာရ်နတ်သား ရောက်လာပြီး “အသင်မင်းသား စကြဝတေးမင်းဖြစ်ရန် (၇)ရက်သာလိုပါတော့တယ်။ နန်းတော်သို့ပြန်ပါ။ တောမထွက်ပါနဲ့.” လို့ တားဆီးတယ်။ အလောင်းတော်မင်းသားက ‘ဟယ် . . . မာရ်နတ် သတ္တဝါအပေါင်းကို ငြိမ်းချမ်းခြင်းသို့ ဆောင်ယူကယ်တင်နိုင်သော တရားမင်း(ဘုရား)သာ ငါဖြစ်လိုတယ်၊ စကြဝတေးမင်းငါမဖြစ်လို’ လို့ ပြန်လည်ပြောတော်မူပြီး ဆက်လက်ထွက်တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



၉။ အလောင်းတော်မင်းသားလည်း မြင်းတော်ကို ဆက်လက်နှင်တော်မူခဲ့ရာ **'အနော်မာမြစ်ကမ်း'**ကို ရောက်လာတယ်။ အနော်မာမြစ်ကမ်းရဲ့သဲငွေသောင်ယံမှာ ရပ်တော်မူပြီး ဆံတော်ကို ပယ်ဖြတ်တော်မူတယ်။ "ဘုရားဖြစ်မည်မှန်လျှင် ငါ၏ဆံတော်သည် ကောင်းကင်၌ တည်ပါစေသား" လို့ အဓိဋ္ဌာန်ပြုပြီး ဆံတော်ကို အထက်ကို မြှောက်တင်လိုက်တယ်။ အထက်ကောင်းကင်မှာ ရပ်တန့်နေတဲ့ဆံတော်ကို "သိကြားမင်း" က ယူဆောင်သွားပြီး နတ်ပြည်မှာ "စူဠာမဏိစေတီ" တည်လိုက်တယ်။ အဲဒီနောက်တော့ "ဃဋီကာရ" ဗြဟ္မာကြီး ဆက်ကပ်လာတဲ့ သင်္ကန်းပရိက္ခရာကို လဲလှယ်ဆင်မြန်းပြီး ရဟန်းပြုတော်မူတယ်။ အလောင်းတော်မင်းသားရဲ့ ဝတ်လဲတော်တွေကိုတော့ ဗြဟ္မာ့ပြည် ယူဆောင်သွားပြီး "ဒုဿ"စေတီ တည်ထားကိုးကွယ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com




၉။ အလောင်းတော်မင်းသား အနောမာမြစ်ကမ်းတွင် ဆံတော်ပယ်ဖြတ်တော်မူပုံ။

www.burmeseclassic.com



၁၀။ အလောင်းတော်အရှင်မြတ်အား ဗိမ္ဗိသာရမင်းကြီးတိုင်းပြည်အပ်နှင်းလာပုံ။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဘုရားအလောင်းတော်ဟာ ရဟန်းပြုပြီးတဲ့နောက် 'ရာဇဂြိုဟ်မြို့'ထဲကို ဆွမ်းခံကြွတော်မူတယ်။ သက်တော်အရွယ်ကလည်း တင့်တယ်၊ ရုပ်ဆင်းအင်္ဂါကလည်းသပ္ပာယ်သူဆိုတော့ မြို့သူမြို့သားတွေမှာ တအံ့တသြဖြစ်ကြရတာပေါ့။ ဒီလိုနဲ့ပဲ သိဒ္ဓတ္ထမင်းသားတောထွက်တဲ့ သတင်းဟာ ရာဇဂြိုဟ်မြို့ထဲကို ပျံ့နှံ့သွားတာ "ဘုရင်ဗိမ္ဗိသာရ"ဆီ ရောက်သွားတယ်။

ဘုရားအလောင်းတော်လည်း ဆွမ်းခံပြီး ရာဇဂြိုဟ်မြို့ရဲ့အရှေ့ဘက်က **ပဏ္ဍဝတောင်ခြေမှာ** ဆွမ်းဘုဉ်းပေးတော်မူတယ်။ အလောင်းတော် ဆွမ်းဘုဉ်းပေးရာနေရာကို ဗိမ္ဗိသာရမင်းကြီး ရောက်လာတယ်။ အလောင်းတော်ရဲ့ မြင့်မြတ်တင့်တယ်တဲ့ ရုပ်လက္ခဏာကိုမြင်တော့ သူ့ရဲ့ထီးနန်းစည်းစိမ်ကို ထက်ဝက်ခွဲပေးတော်မူတယ်။ ဘုရားအလောင်းတော်ကတော့ ထီးနန်းစည်းစိမ်ကို မလိုလားကြောင်း၊ လောကသတ္တဝါအပေါင်းကို ကယ်တင်နိုင်သော တရားမင်းသာဖြစ်လိုကြောင်း ပြန်ပြောတော်မူတယ်။ ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားဖြစ်တဲ့အခါ သူ့တိုင်းပြည်ကို ပထမဆုံးကြွတော်မူပါလို့ တောင်းပန်စကားလျှောက်ထားပြီး ပြန်သွားတယ်။

- တောင်ငါးလုံးကာရံ ရာဇဂြိုဟ်/ ရာဇဂဟ။ ➡ ယခုအခေါ် - ရာဂျ်ဂီးရ်။
- ဗိဟာပြည်နယ်မြို့တော် ပဋ္ဌနားမြို့၏တောင်ဘက် (၁၀၁)ကီလိုမီတာ၊ ဂယာမြို့အနောက်မြောက်ဘက် (၇၀)ကီလိုမီတာ ခန့်ဝေး။
- ဗုဒ္ဓစာပေအရ တောင်ငါးလုံး = ဝေဘာရ၊ ဝေပုလ္လ၊ ဣသိဂိလိ၊ ဂိဇ္ဈကုဋ္ဌ၊ ပဏ္ဍဝ။
- ယခု - ဂျိန်းဘာသာအခေါ် = ဝေဘာရ၊ ဝိပုလ၊ ရတန၊ ဆက-ဥဒယ၊ ဆိုနားတောင်။
- ဗုဒ္ဓခြောက်ဝါတိုင်တိုင် သီတင်းသုံးခဲ့။ ➡ ပထမသင်္ဂါယနာတင်ရာဖြစ်။ ➡ "ထေရဝါဒသာသနာတော်" စတင်ရာအရပ်။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ အလောင်းတော်မြတ်ဟာ ရသေ့ရဟန်းပြုပြီးတဲ့နောက် "အာဠာရ" နဲ့ "ဥဒက" ရသေ့တွေဆီမှာ နည်းနာခံယူပြီး ကျင့်ကြံလိုက်တာ လောကီစျာန်ရလာတယ်။ ဒါပေမဲ့ တရားထူးရချင်တဲ့ အရှင်မြတ်ဟာ **'ဥရုဝေဠတော'**ထဲမှာ ဘုရားဖြစ်ဖို့ ဆက်လက် အားထုတ်ကျင့်ကြံခဲ့တယ်။ ဒုက္ကရ စရိယာပေါ့။ **'ဒုက္ကရစရိယာ'**ဆိုတာ သာမန်လူတို့ ကျင့်နိုင်ခဲတဲ့အကျင့်ပဲ။ ကျင့်ပုံကဒီလို။ ဆွမ်းခံမစားတော့ဘဲ သစ်ပင်ကကြွေကျတဲ့ သစ်သီးကိုပဲ ကောက်ယူစားတယ်။ နောက်တော့ သစ်ပင်ရှိရာကိုတောင် သွားမကောက်တော့ဘဲ မိမိရှေ့ကြွေကျမှပဲ စားတော့တယ်။ နောက်တ ဖြည်းဖြည်း သစ်သီးလေးတစ်လုံး၊ ဆန်လေးတစ်စေ့မျှလောက်ပဲ စားတော်မူတော့တယ်။ ဒီလိုအစာကို လျှော့စားလာတော့ "ခြောက်နှစ်ကြာ" တဲ့အခါမှာ အလောင်းတော်မြတ်ရဲ့ အသားတော်၊ အသွေးတော်တွေဟာ ခန်းခြောက်ပြီး အရိုးအရေသာ ကျန်တော်မူတော့တယ်။

အရိုးအရေသာကျန်တော်မူတဲ့ အလောင်းတော်အရှင်မြတ်ဟာ ဒီနည်းလမ်းနဲ့ အကျိုးမရှိနိုင်ကြောင်းကို ဆင်ခြင်သိမြင်တော်မူတယ်။ ဒါကြောင့် ဆွမ်းအာဟာရကိုမျှတအောင် ပြန်လည်သုံးဆောင်တော်မူပြီး မဇ္ဈိမလမ်းစဥ်နဲ့ တရားတော်ကို ဆက်လက် အားထုတ်တော်မူလိုက်တာ "မဟာသက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လဆန်း(၁၄)ရက်နေ့ ညည့်အချိန်"မှာ ထူးဆန်းတဲ့"အိပ်မက်ကြီး(၅)ပါး"ကို မြင်မက်တော်မူပြီး ပညာဉာဏ်နဲ့ဆင်ခြင်ကြည့်တဲ့အခါ "ဗုဒ္ဓစင်စစ် ကေန်ဖြစ်တော့မယ်" ဆိုတာကို သိတော်မူလာတယ်။

→ ပဋ္ဌဝက္ကိငါးဦး – အလောင်းတော်မြတ် ဒုက္ကစရိယာကျင့်ချိန်မှစ၍ အလုပ်အကျွေးပြု။
– အလောင်းတော်မြတ် ဆွမ်းအာဟာရကို ပြန်လည်သုံးဆောင်ချိန်တွင် စွန့်ခွာ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၂။ အလောင်းတော်မြတ် သုဇာတာကပ်လှူလာသော ဃနာနို့ဆွမ်းအား လက်ခံတော်မူပုံ။

www.burmeseclassic.com

www.burmeseclassic.com



၁၂။ နောက်တစ်နေ့ အလောင်းတော်အရှင်မြတ် သက်တော်(၃၅)နှစ်ပြည့်ရာ ကဆုန်လပြည့်နေ့ မနက်စောစောအချိန်မှာ "ဥရုဝေလတော" အနီး၊ သေနာနိဂုံးရွာကြီးနားက ညောင်ပင်အောက်မှာ စံမြန်းနေတော်မူတယ်။

ဒီသေနာနိဂုံးရွာကြီးမှာ သူဌေးကတော် သုဇာတာဆိုတာရှိတယ်။ သူအပျိုဘဝတုန်းက ညောင်ပင်ကြီးဆီသွားပြီး သူဌေးသားနဲ့ရဖို့၊ သားဦးရဖို့ကို ဆုတောင်းခဲ့တယ်။ သူဌေးသားနဲ့ သားဦးရွေးရတော့ ဒီဆုပြည့်တယ်၊ ညောင်ပင်စောင့်နတ်ကြီးက မစတယ်ထင်ပြီး နှစ်စဉ်ပူဇော်လေ့ရှိတယ်။ အခုလည်း ညောင်ပင်အောက်မှာစံမြန်းတော်မူနေတဲ့ အလောင်းတော် အရှင်မြတ်ကို သူ့ကျေးဇူးရှင်နတ်မင်း ကိုယ်ထင်ပြတယ် ထင်ပြီး တစ်သိန်းတန်ရွှေခွက်နဲ့ ဃနာနို့ဆွမ်းကို လှူဒါန်းလာတယ်။

အလောင်းတော်အရှင်မြတ်လည်း အလှူခံရလာတဲ့ နို့ဆွမ်းကို နေရဥ္စရာမြစ်ကမ်းမှာ ဘုဉ်းပေးပြီး "ယနေ့ဘုရားဖြစ်မည် မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ဆန်တက်ပါစေသား" လို့ အဓိဋ္ဌာန်ပြုရင်း မျှောလိုက်တာ ရေညာကိုဆန်တက်သွားတယ်။

- ဥရုဝေလ - အိန္ဒိယနိုင်ငံ၊ ဥရုဝေလတောတန်း၊ ဂယာမြို့အနီး၊ နီလာဂျန် (ခ) နေရဥ္စရာမြစ်အနီး တည်ရှိ။
- ဗီဟာရ်ပြည်နယ်၊ ဂယာခရိုင်၊ ဂယာမြို့မှ (၁၈)ကီလိုမီတာ။
- ကာလကတ္တား(ကိုးလ်ကတ္တား)မှ ရထားဖြင့် (၄၅၉)ကီလိုမီတာ၊ ကားဖြင့် (၄၈၀) ကီလိုမီတာ။

www.burmeseclassic.com

www.burmeseclassic.com



၁၃။ အလောင်းတော်အရှင်မြတ်ဟာ နေရဥ္စရာမြစ်မှာ ကိုယ်လက်သန့်စင်တော်မူပြီး "ဥရုဝေလတော" ကို ပြန်ကြွတော်မူတယ်။ လမ်းခုလတ်မှာ **သောတ္ထိယပုဏ္ဏားရဲ့** မြက်ရှစ်ဆုပ်ကိုအလှူခံတော်မူပြီး ဗောဓိပင်ခြေရင်းမှာကြဲဖြန့်လိုက်တာ မြက်တွေက ပလ္လင်ကြီး ဖြစ်သွားတယ်။ အဲဒီပလ္လင်ပေါ်မှာပဲ **'ဘုရားမဖြစ်သမျှ ငါမထ'**လို့ အဓိဋ္ဌာန်ပြုရင်း ထက်ဝယ်ဖွဲ့ခွေထိုင်ကာ အားထုတ်တော်မူတယ်။

ဒီလိုအားထုတ်နေမှုကိုမြင်တဲ့ မာရ်နတ်ဟာ သူကိုယ်တိုင်လည်း လက်နက်မျိုးစုံကိုင်စွဲတယ်၊ နတ်စစ်သည်တွေကိုလည်း စုဆောင်းပြီး အလောင်းတော်မြတ်ရဲ့အားထုတ်မှုကို ခြိမ်းခြောက်ဖျက်ဆီးလာတယ်။ အလောင်းတော်မြတ်ကတော့ "သားအပေါ်ထားတဲ့ မိခင်ရဲ့မေတ္တာမျိုး" နဲ့ မတုန်မလှုပ်သည်းခံပြီး တရားကိုသာ ဆက်လက်အားထုတ်တော်မူတယ်။

---- မာရ်နတ်သည် ဂိရိမေခလာဆင်ကိုစီး၊ မြေပြင်တုန်ခါပြီး ဆင်ပေါ်မှပြုတ်ကျကာ ထွက်ပြေးရ။

www.burmeseclassic.com

www.burmeseclassic.com



၁၃။ ဘုရားဖြစ်တော်မူကာနီး မာရ်နတ်နှောင့်ယှက်ဖျက်ဆီးလာပုံ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၄။ အလောင်းတော်အရှင်မြတ်ဟာ မာရ်နတ်ရဲ့ ဖျက်ဆီးမှုကို မေတ္တာအစွမ်းနဲ့ အောင်မြင်တော်မူပြီး မဟာဗောဓိပင်အောက်မှာ မလျော့သော ဖွဲ၊ လုံ့လ၊ ဝီရိယတို့နဲ့ ဆက်လက်ကြိုးစားအားထုတ်တော်မူခဲ့တယ်။ ဒီလိုနဲ့ "ညည့်ဦးယံ"မှာ လွန်လေပြီးသော ဘဝပေါင်းများစွာကိုပြန်လည် အောက်မေ့ဆင်ခြင် သိမြင်နိုင်စွမ်းရှိတဲ့ **ပုဗ္ဗေနိဝါသဉာဏ်**၊ "သန်းခေါင်ယံ"မှာ သုံးဆယ့်တစ်ဘုံလုံးတွင် ဖြစ်ပျက်နေကြသော သတ္တဝါအားလုံးကို မြင်နိုင်စွမ်းရှိတဲ့ **ဒိဗ္ဗစက္ခုဉာဏ်**၊ "မိုးသောက်ယံ"အချိန်မှာ ကိလေသာဟူသမျှကို အကြွင်းမရှိ ပယ်သတ်နိုင်စွမ်းရှိတဲ့ **အာသဝက္ခယ ဉာဏ်**ကို ရတော်မူပြီး **မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်** အရုဏ်တက်အချိန်မှာ တရားအပေါင်းကို အကြွင်းမရှိသိမြင်တော်မူသော **သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် တရားမင်း(ဘုရား)** အဖြစ်ကို ရောက်ရှိတော်မူတယ်။

- BC - ၅၈၈ (or) ၅၂၈ တွင် ဘုရားရှင်အဖြစ်သို့ရောက်ရှိ။ (မြန်မာနိုင်ငံတွင် တကောင်းခေတ် ဟုဆိုကြ)
- ဗုဒ္ဓပွင့်ခြင်းကို အစွဲပြု၍ "ဗုဒ္ဓဂယာ"၊ သစ္စာလေးတန်ကို သိရာဌာနဖြစ်သောမြေမြတ်ဖဟိုဖြစ်၍ "ဗောဓိမဏ္ဍိုင်" ဟုခေါ်။
- ဘုရားအဖြစ်သို့ရောက်ရှိသည်နှင့်တစ်ပြိုင်နက် "အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ" အစရှိသော ဥဒါန်းစကားတော်ကို ကျူးရင့်။
- ဗုဒ္ဓပွင့်တော်မူရာ ဗောဓိပင်ကို -
- BC - ၂၅၀ တွင် အသောကမင်း၏မိဖုရား (ပြဟ္မဏဘာသာဝင်) ခုတ်လှဲ၍ အသစ်ထပ်စိုက်ရ။
- AD - ၆၀၀ တွင် ဘင်္ဂါဘုရင် သသ်က ခုတ်လှဲပစ်၍ အသစ်ပြန်ပေါက်။

www.burmeseclassic.com

www.burmeseclassic.com



၁၅။ ဗုဒ္ဓမြတ်စွာဟာ ဘုရားဖြစ်ပြီး မကြာမီ(ရက်ပေါင်းငါးဆယ်ပြည့်မြောက်တဲ့နေ့) လင်းလွန်းပင်ခြေရင်းမှာ သီတင်းသုံးနေတော်မူတယ်။ ဒီအချိန်မှာ ရာမညတိုင်း၊ ဥက္ကလာဇနပုဒ်၊ ပေါက္ခရဝတီမြို့က **တပုဿနဲ့ ဘလ္လိက** တို့ ကုန်သည်ညီနောင်ဟာ လှည်းငါးရာနဲ့အတူ မဇ္ဈိမဒေသကို ကုန်ရောင်းထွက်လာကြတယ်။ လမ်းခရီးမှာ လောကသုံးပါးရဲ့ အထွတ်အမြတ် "ဘုရားပွင့်တော်မူပြီ" ဆိုတဲ့သတင်းကို နတ်တို့ထံကနေ ကြားခဲ့ရတာကြောင့် သူတို့မှာပါလာတဲ့ မုန့်တွေကို မြတ်စွာဘုရားရှင်ကိုဖူးမြော်ရင်း ကပ်လှူကြတယ်။

မြတ်စွာဘုရားလည်း ညီနောင်နှစ်ပါးကို **'ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။'** လို့ သရဏဂုံတရားနှစ်ပါးကို ပေးတော်မူတယ်။ (အဲဒီအချိန်က ဘုရားနဲ့ တရားပဲရှိတယ်။ သံဃာမရှိသေးဘူး။) ကုန်သည်ညီနောင်လည်း မြတ်စွာဘုရားနဲ့ တရားတော်ကို ရှိခိုးကန်တော့ကြတယ်။ မြတ်စွာဘုရားက နောင်အခါ ဘုရားရှင်ကိုယ်စားကိုးကွယ်ဖို့ ဦးခေါင်းတော်ကို လက်နဲ့သပ်ပြီး ဆံတော်များ(ရှစ်ဆူ)ကို ပေးအပ်ချီးမြှင့်တော်မူလိုက်တယ်။ (ဒီဆံတော်တွေကို ဌာပနာပြီး ရွှေတိဂုံစေတီ တည်ထားတော်မူတယ်။) ကုန်သည်ညီနောင်ဟာ မြတ်စွာဘုရားရှင်ကို **ပထမဆုံး** ဖူးတွေ့ခွင့်ရခဲ့တဲ့ လူပုဂ္ဂိုလ်နှစ်ဦးပဲ။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၆။ ဗာရာဏသီမြို့အနီးက **မိဂဒါဝုန်တော**ကြီးမှာ ဘုရားမပွင့်ခင်ကတည်းက တရားရှာနေကြတဲ့ "ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ" ဆိုတဲ့ ပဉ္စဝဂ္ဂီငါးဦးအစုတို့ ရှိနေကြတယ်။

ဗုဒ္ဓမြတ်စွာလည်း သဗ္ဗညုတရွှေဉာဏ်တော်ရပြီး တရားဦးဟောထိုက်သူကို ရှုစားဆင်ခြင်တော်မူတဲ့အခါ ဒီရသေ့ငါးဦးကို မြင်တော်မူတယ်။ ဒါနဲ့ မိဂဒါဝုန်တောကြီးဆီကို **မဟာသက္ကရာဇ် ၁၀၃–ခု၊ ဝါဆိုလပြည့်နေ့**မှာ ကြွတော်မူလာပြီး ငြိမ်းချမ်းသာယာလှတဲ့ နေဝင်လထွက်ချိန်မှာ **ဓမ္မစကြာတရားဦး** ကိုဟောကြားတော်မူတယ်။

ဗုဒ္ဓမြတ်စွာ တရားဦးဟောတော်မူတဲ့နေ့ကစပြီး ငါးရက်မြောက်တဲ့နေ့မှာတော့ ပဉ္စဝဂ္ဂီငါးဦးလုံးဟာ ဗုဒ္ဓမြတ်စွာရဲ့ တရားစစ်၊တရားမှန်ကို ကိုယ်တိုင်ကျင့်ကြံသိမြင်ပြီး ရဟန္တာအရှင်မြတ်များ ဖြစ်သွားကြတယ်။ ပထမဦးဆုံးဖြစ်ပေါ်လာတဲ့ ရဟန္တာ **သံဃာတော်**တွေပေါ့။ နဂိုကရှိထားတဲ့ ဘုရားရတနာ၊ တရားရတနာမှာ အခု သံဃာရတနာပါ ပေါင်းလိုက်တော့ **'ရတနာသုံးပါး'** ရယ်လို့ ပြည့်စုံသွားတယ်။

- ဗာရာဏသီ – ကာသိတိုင်း၏မြို့တော်။ ➡ ဗုဒ္ဓဂယာ၏အနောက်ဘက်၊ သာဝတ္ထိ၏အရှေ့ဘက်။
- ပထမဆုံးဟောကြားတော်မူသောဒေသနာတော် – ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်။ **(ဓမ္မရတနာစတင်)**
- မိဂဒါဝုန် – ဥတ္တရာပရာဒေ့ရှ် (ယူပီ)ပြည်နယ်၊ ဗာရာဏသီခရိုင်၊ ဗာရာဏသီမြို့မြောက်ဘက် (၆)မိုင်ကွာ။
- မိဂဒါဝုန် (မိဂဒါယ) = သမင်တို့အားဘေးမဲ့ပေးရာ၊ သမင်တို့နားခိုရာတော။ ➡ ကမ္ဘာ့ပညာရှင်တို့က "ဆာရာနတ်" ဟုခေါ်။

www.burmeseclassic.com

www.burmeseclassic.com



၁၇။ ဗုဒ္ဓမြတ်စွာဟာ မိမိထံ ကိုးကွယ်ချဉ်းကပ်လာသူတွေကို ဒါန၊ သီလ၊ ဘာဝနာ စတဲ့တရားရေအေးကို တိုက်ကျွေးတော်မူတယ်။ **'ဒါနဆိုတာ မိမိပိုင်ပစ္စည်းကို သူများအကျိုးအတွက် စွန့်လှူတာဖြစ်တယ်။ အလှူဒါနပြုခြင်းဟာ ကောင်းသောအကျိုး ကျေးဇူးတရားပဲ' 'အပြစ်မပြုမိအောင် စောင့်ထိန်းတဲ့လူသည် အပြစ်ကင်းတဲ့လူ၊ သီလရှိတဲ့လူ ဖြစ်တယ်။' 'ဘာဝနာဆိုတာ ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကိုရကြောင်း တရားတို့ကို ဆရာကောင်းတို့ထံမှာ နည်းနာခံယူပြီး ကိုယ်တိုင်ကျင့်ကြံပွားများအားထုတ်ကာ ဝိပဿနာဉာဏ်ဖြင့် သိမြင်ခြင်းဖြစ်တယ်။'** စသည်ဖြင့် ဟောဖော်ညွှန်ပြတော်မူတယ်။

ဒီလိုနဲ့ ဗုဒ္ဓမြတ်စွာဟာ မိဂဒါဝုန်တောမှာ ပထမဝါဆိုတော်မူပြီးတော့ တပည့်သားရဟန္တာ သံဃာတော်ခြောက်ကျိပ်(၆၀)တို့ကို လောကသတ္တဝါအပေါင်းကို ကယ်တင်ဖို့ သာသနာပြုစေလွှတ်တော်မူတယ်။ သံဃာတော်တွေလည်း တစ်ပါးကိုတစ်နေရာစီ ကြွတော်မူတော့ နေရာအနှံ့ရောက်ကြတယ်။ ရောက်လေရာမှာ ဗုဒ္ဓရဲ့တရားစစ်တရားမှန်တွေကို ဟောကြားတဲ့အခါ နာကြားရသူတိုင်းဟာ တရားတော်ရဲ့ ငြိမ်းအေးမှုကို ကိုယ်တွေ့သိမြင်လာပြီး သာသနာ့ဘောင်ကို ဝင်သူများရှိလာတယ်။ လူအဖြစ်နဲ့နေသူတွေမှာလည်း ဒါန၊ သီလ၊ ဘာဝနာ **တရားတွေနဲ့ ပြည့်စုံပြီး အပြစ်ကင်းအောင် နေတတ်လာကြတယ်။**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၈။ သက်တော်ကြီးရင့်လာပြီဖြစ်တဲ့ သုဒ္ဓေါဒနမင်းကြီးဟာ သားတော်ဗုဒ္ဓကို ဖူးမြင်တော်မူလိုတာကြောင့် ပညာရှိအမတ်တွေကို အကြိမ်ကြိမ် စေလွှတ်ပင့်လျှောက်တော်မူတယ်။ လွှတ်လိုက်သမျှအမတ်တွေကလည်း ရဟန်းပြုပြီးသာနေကြတော့တယ်။ နောက်ဆုံးတော့ ဘုရားရှင်ရဲ့ ဖွားဖက်တော်တစ်ဦးဖြစ်တဲ့ **'ကာဠုဒါယီအမတ်'** ကို စေလွှတ်ပြီးပင့်လျှောက်ခိုင်းပြန်တယ်။ မြတ်စွာဘုရားသီတင်းသုံးတော်မူရာ "ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတိုက်" ကိုရောက်လာတဲ့ ကာဠုဒါယီအမတ်လည်း မြတ်စွာဘုရားရှင်ရဲ့ ဖခမည်းတော်က ဖူးမြော်လိုတဲ့အကြောင်းနဲ့ ကပိလဝတ် နေပြည်တော်ကို ကြွတော်မူပါရန် ဦးစွာတောင်းပန်လျှောက်တင်ပြီးမှ ဗုဒ္ဓထံမှာရဟန်းပြုတယ်။

ဗုဒ္ဓမြတ်စွာလည်း အလွန်သာယာပြီး ကြည်နူးဖွယ်ကောင်းတဲ့ တပေါင်းလအခါသမယမှာ နောက်ပါသံဃာတော်တွေနဲ့အတူ ကပိလဝတ်နေပြည်တော်ကို ကြွတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




၁၉။ ဗုဒ္ဓမြတ်စွာရဲ့ ဆွေတော်မျိုးတော် သာကီဝင်မင်းမျိုးတွေဟာ အလွန်မာနကြီးကြတယ်။ အခုလည်း ဖခမည်းတော် ပင့်လွှတ်လို့ ပြည်တော်ပြန်ကြွလာတဲ့ ဗုဒ္ဓမြတ်စွာကို ရှိမခိုးဘဲနေကြတယ်။ ဒါနဲ့ ဗုဒ္ဓမြတ်စွာလည်း ကောင်းကင်မှာရပ်တော်မူပြီး **ယမိုက်ပြာဋိဟာ** ပြတော် မူတယ်။ ဗုဒ္ဓမြတ်စွာရဲ့ ကြီးမြတ်တဲ့တန်ခိုးတော်တွေကို တွေ့မြင်ကြတော့မှ ဆွေတော်မျိုးတော်တွေဟာ ကြည်ညိုလာကြပြီး လက်အုပ်ချီမိုး ရှိခိုးကြတယ်။

ဖခင်သုဒ္ဓေါဒနမင်းကြီးက ဗုဒ္ဓမြတ်စွာနဲ့သံဃာတော်တွေကို စံနန်းတော်မှာပင့်ဖိတ်ပြီး ဆွမ်းကပ်တယ်။ ဗုဒ္ဓမြတ်စွာဟာ ဆွမ်းဘုဉ်းပေးလို့ အပြီးမှာ အဂ္ဂသာဝကနှစ်ပါးနဲ့အတူ ယသော်ဓရာမိဖုရားရဲ့ နန်းဆောင်ကို ကြွတော်မူတယ်။ ဘဝအဆက်ဆက် ပါရမီဖြည့်ခဲ့ရှာတဲ့ ယသော်ဓရာလဲ ဗုဒ္ဓမြတ်စွာရဲ့ ခြေဖမိုးတော်ကို မျက်နှာအပ်ကာ အားရအောင်ကန်တော့ရှာလေတယ်။

နောက်တစ်နေ့ ဖခမည်းတော်ရဲ့ စံနန်းတော်မှာ ဗုဒ္ဓမြတ်စွာ ဆွမ်းဘုဉ်းပေးနေခိုက်မှာ မိခင်ယသော်ဓရာ သင်ကြားပြီး စေလွှတ်လိုက်တဲ့ သားတော်လေးရာဟုလာဟာ ချစ်ခင်ရှိသေစွာနဲ့ ဗုဒ္ဓထံပါးကိုချဉ်းကပ်လာတယ်။ ဗုဒ္ဓထံကနေ စကြဝတေးမင်းလုပ်ရအောင် ရွှေအိုးကြီးလေးလုံးကို အမွေပေးပါလို့ တွတ်တီးတွတ်တာ ပြောဆိုပြီး အမွေတောင်းရှာတယ်။ ဗုဒ္ဓမြတ်စွာ ဆွမ်းဘုဉ်းပေးပြီးလို့ ကျောင်းတော်ကို ပြန်ကြွတော်မူတဲ့အခါ နောက်တော်ကနေ အမွေတောင်းဖို့လိုက်ပါလာတဲ့ သားတော်လေးကို **'ရှင်ရာဟုလာ'** ဘွဲ့အမည်နဲ့ ရှင်သာမဏေပြုစေပြီး သာသနာ့အမွေ ပေးတော်မူလိုက်တယ်။

www.burmeseclassic.com


www.burmeseclassic.com



၁၉။ မြတ်စွာဘုရားရှင်အား သားတော်ရာဟုလာ အမွေတောင်းခံနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



၂၀။ ဗုဒ္ဓမြတ်စွာကို ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တဲ့ မိထွေးတော်ဂေါတမီဟာ ဗုဒ္ဓမြတ်စွာအတွက်ဆိုပြီး သင်္ကန်းကို ကိုယ်တိုင်ရက်လုပ်ပြီး ကပ်လှူလာတယ်။ ဒါပေမယ့် ဗုဒ္ဓမြတ်စွာက လက်မခံဘဲ ပုဂ္ဂိုလ်ကိုမရည်စူးဖို့၊ သံဃာကိုသာ ရည်စူးလှူဒါန်းဖို့မိန့်ကြားတော်မူတာကြောင့် မိထွေးတော်ဂေါတမီလည်း သံဃာတော်များအတွက်ရည်စူးပြီး လှူဒါန်းလိုက်ရတယ်။

နောက် . .ကပိလဝတ်နဲ့ ကောလိယမြို့သူမြို့သားတွေဟာ စိုက်ပျိုးရေအတွက် နှစ်ပြည်ထောင်ကြားက "ရောဟဏီမြစ်ရေ" ကို လုကြရင်း နှစ်ပြည်ထောင်သွေးချောင်းစီးမယ့် စစ်ပွဲကြီးဖြစ်ကြတော့မယ့် အခြေကိုရောက်နေတယ်။ ဒီအချိန်မှာ ဗုဒ္ဓမြတ်စွာဟာ နှစ်ပြည်ထောင်ကြားကနေ သင့်မြတ်စွာနေကြဖို့ ငြိမ်းချမ်းရေးတရားနဲ့ ဆုံးမတော်မူပြီး နှစ်ပြည်ထောင်စစ်မီးကို ငြိမ်းချမ်းစေခဲ့တယ်။

ဗုဒ္ဓမြတ်စွာဟာ တာဝတိံသာနတ်ပြည်မှာ "သန္တုသိတ"အမည်နဲ့နတ်သားဖြစ်နေတဲ့ မယ်တော်မိနတ်သားကို ကျေးဇူးဆပ်ဖို့ တာဝတိံသာနတ်ပြည်ကို ကြွတော်မူတယ်။ နတ်ပြည်မှာ ဝါတွင်းသုံးလပတ်လုံး "အဘိဓမ္မာတရား"ကို ဟောကြားတော်မူပြီး မယ်တော်မိနတ်သားကို ကျေးဇူးဆပ်တော်မူတယ်။ မယ်တော်မိနတ်သားလည်း ဗုဒ္ဓမြတ်စွာရဲ့တရားတော်ကို နာကြားရပြီး သောတာပန်ချမ်းသာကို ရရှိတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂၁။ **ဗုဒ္ဓမြတ်စွာဟာ** အနာထပိဏ်သူဌေးလှူဒါန်းတဲ့ **ဇေတဝန်ကျောင်းတော်မှာ** သီတင်းသုံးတော်မူနေစဉ်တစ်ည၊ သန်းခေါင်ယံအချိန်မှာ ရောက်ရှိလာတဲ့ မထင်မရှားနတ်သားတစ်ပါးရဲ့ တောင်းပန်လျှောက်တင်မှုကြောင့် လူ၊ နတ်၊ ပြဟ္မာ အကျိုးစီးပွားဖြစ်ထွန်းစေမယ့် သုံးဆယ့်ရှစ်ဖြာမင်္ဂလာ (မင်္ဂလသုတ်)တရားတော်ကို ဟောကြားတော်မူပါတယ်။

ဒီလိုလောကသတ္တဝါများအကျိုးငှာ သက်တော် ၃၅–နှစ်၊ ဘုရားဖြစ်ချိန်မှသည် (၄၅)ဝါကာလပတ်လုံး တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ရာ သက်တော်(၈၀)ပြည့်အရွယ်မှာ **ကုသိနာရုံ၊ အင်ကြင်းဥယျာဉ်**ဝယ် မြောက်ဘက်ကို ဦးခေါင်းပြုပြီး ညောင်စောင်းထက်မှာ လျောင်းတော်မူကာ ပရိနိဗ္ဗာန်ဝင်စံတော်မမူခင် **'နောင် ငါဘုရားမရှိတော့တဲ့အခါ ငါဘုရား ဟောတော်မူခဲ့တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားသုံးပါးဟာ သင်တို့ရဲ့ဆရာအဖြစ် တည်ရှိလိမ့်မယ်'** လို့ တပည့်သားရဟန်းသံဃာတွေကို သြဝါဒစကားမိန့်ကြားတော်မူတယ်။

**'အကြောင်းတရားရှိ၍ ဖြစ်ကြရသော သင်္ခါရဟူသမျှသည် ပျက်စီးခြင်းသဘောရှိကြကုန်၏။ မမေ့မလျော့ မပေါ့မဆ မြဲမြံသောသတိ တရားဖြင့် အကျင့်သိက္ခာပြည့်စုံရစ်ကြပါ'** လို့ နောက်ဆုံးသြဝါဒပေးတော်မူပြီး **မဟာသက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့်နေ့**မှာ ဂေါတမဗုဒ္ဓ မြတ်စွာဟာ ပရိနိဗ္ဗာန်ဝင်စံတော်မူရှာတယ်။

- BC - ၅၄၃ (or) ၄၈၃ (မြန်မာနိုင်ငံတွင် "သရေခေတ္တရာ" တည်သည်ဟုဆို။)
- ကုသိနာရုံ(ဒေသအခေါ်-ကုသျှီနာဂရ) - ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၊ ဒီအိုရီးယားခရိုင်၊ ဂေါရက္ခပူရ်မြို့မှ (၅၃)၊ ကာစီယာမှ (၅) ကီလိုမီတာဝေး။
- နောက်ဆုံးဟောကြားတော်မူသောဒေသနာတော် - မဟာပရိနိဗ္ဗာန်နသုတ်။
- ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး (၁၄)ရက်အကြာတွင် တေဇောဓာတ်လောင်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးတဲ့ဗုဒ္ဓမြတ်စွာရဲ့ ရုပ်အလောင်းတော်မြတ် တေဇောဓာတ်လောင်ကျွမ်းတော်မူပြီးတဲ့အခါ ကြွင်းကျန်ရစ်တဲ့ ပုလဲလုံးအဆင်း၊ ရွှေစင်လုံးအဆင်းအစရှိတဲ့ ဓာတ်တော်၊ မွေတော်တွေကို မင်းများရဲ့ဆရာဒေါနပုဏ္ဏားကြီးက အညီအမျှခွဲဝေပြီး အပြည်ပြည်မင်းများကို ဆောင်ယူပူဇော်စေတယ်။

အခုပြောခဲ့တာတွေက ဂေါတမဘုရားရှင်ရဲ့အကြောင်း (ဗုဒ္ဓဝင်) အကျဉ်းချုပ်ပါ။ မင်းတို့လူငယ်တွေနားလည်လွယ်အောင် တတ်နိုင်သမျှ တိုတိုနဲ့ လိုရင်းကိုပဲ ပြောပြတာပါ။ ဗုဒ္ဓရဲ့ကြီးကျယ်မြင့်မြတ်မှုတွေကတော့ အများကြီးရှိသေးတာပေါ့။ မင်းတို့အနေနဲ့ ဆက်လက် လေ့လာကြစေချင်ပါတယ်။နောက်အခွင့်ကြုံရင်လည်း မင်းတို့လိုလူငယ်တွေသိသင့်သိထိုက်တဲ့ အခြားအကြောင်းအရာလေးကိုလည်း ပြောပြချင်ပါသေးတယ်။ ဗုဒ္ဓဝင်ကို လေ့လာသိရှိပြီး ဗုဒ္ဓရဲ့အဆုံးအမ တရားဓမ္မများကို လိုက်နာကျင့်ကြံ အားထုတ်နိုင်သော ဗုဒ္ဓဘာသာဝင်လူငယ်လေးများ ဖြစ်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါရစေ ။ ။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင် လူငယ်တိုင်းအတွက်

# ဗုဒ္ဓဝင်အနှစ်ချုပ်နှင့်သင်္ဂါယနာ

www.burmeseclassic.com

www.burmeseclassic.com




# ဗုဒ္ဓဝင်အနှစ်ချုပ်

- ဤကမ္ဘာ၌ ပွင့်တော်မူပြီးသော သဗ္ဗညုတဘုရားရှင် (၄)ဆူ

  ၁။ ကကုသန် ၂။ ကောဏာဂုဏ်

  ၃။ ကဿပ ၄။ ဂေါတမ



| | |
|---|---|
| - ငါးဆူမြောက်ပွင့်တော်မူမည့်ဘုရားရှင် | - အရိမေတ္တေယျ ဘုရားရှင်။ |
| - ကျွန်ုပ်တို့ သံသရာ လည်နေအပ်သောယခုကမ္ဘာ | - ဘဒ္ဒကမ္ဘာ။ |
| - ဘုရားဆုပန်သော အလောင်းတော်မြတ် | - သုမေဓာရှင်ရသေ့။ |
| - ဘုရားဆုပန်ခြင်းကို ဗျာဒိတ်ပေးသောဘုရား | - ဒီပင်္ကရာ မြတ်စွာဘုရား။ |
| - ဗျာဒိတ်ပေးရာအရပ် | - ရမ္မာဝတီပြည်။ |
| - ဗျာဒိတ်ပေးတော်မူပုံ | - 'အသက်ကိုစွန့်ကာ ကိုယ်ခန္ဓာကို တံတားကဲ့သို့ခင်းပေးနေသော ဤရသေ့သည် ငါဘုရားကဲ့သို့ နောင်သောအခါ ဘုရားတစ်ဆူဖြစ်လိမ့်မည်။' |
| - ဘုရားဖြစ်ရန် ပါရမီဖြည့်ကျင့်ခဲ့သော အချိန်ကာလ | - လေးသင်္ချေ(တစ်သင်္ချေတွင် တစ်နောက်မှသုညပေါင်း ၁၄၀–တိတိရှိသည်)နှင့် ကမ္ဘာတစ်သိန်း။ |

www.burmeseclassic.com

www.burmeseclassic.com





- **ဘုရားဖြစ်ရန် ဖြည့်ဆည်းရသည့် ပါရမီများ (မူလပါရမီတော်(၁၀)ပါး)**

(၁) ဒါနပါရမီ = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။

(၂) သီလပါရမီ = (၅)ပါး၊ (၈)ပါးစသော (၁၀)ပါးဆိုင်ရာ သီလများကို စောင့်ထိန်းမှု။

(၃) နိက္ခမပါရမီ = စည်းစိမ်ကို စွန့်ခွာ၍ တောထွက်မှု။

(၄) ပညာပါရမီ = အရာရာ၌ တတ်သိနားလည်မှု။

(၅) ဝီရိယပါရမီ = ကုသိုလ်ကိစ္စအဝဝတို့၌ မကြောက်မရွံ့သက်စွန့်ကြိုးပမ်းအားထုတ်မှု။

(၆) ခန္တီပါရမီ = သူတစ်ပါးက နှိပ်စက်လျှင်လည်း သည်းခံနိုင်မှုနှင့် အပူအအေးစသောဒဏ်ကို ခံနိုင်မှု။

(၇) သစ္စာပါရမီ = မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုလုပ်ကိုင်မှု။

(၈) အဓိဋ္ဌာန်ပါရမီ = မိမိရည်မှန်းသော ကောင်းသောအလုပ်၌ 'မဖြစ်မနေ'ဟု စွဲစွဲမြဲမြဲဖွဲ့ကောင်းမှု။

(၉) မေတ္တာပါရမီ = သတ္တဝါတို့အပေါ်၌ ချစ်ခင်သောအားဖြင့် ကောင်းကျိုးလိုလားမှု။

(၁၀) ဥပေက္ခာပါရမီ = မုန်းအောင်ပြုသည်ကိုလည်းမမုန်း၊ ချစ်ခင်အောင်ပြုသည်ကိုလည်း မချစ်ဘဲ လျစ်လျူရှုမှု။

ဘုရားအလောင်းတော်သည် ဤသာမန်ဖြည့်ကျင့်မှု မူလပါရမီ(၁၀)ပါးအပြင် မျက်စိ၊ နား၊ အင်္ဂါခြေလက် စသည်တို့ကို အပျက်အစီးခံ၍ ဖြည့်ကျင့်ခဲ့သော **'ဥပပါရမီ(၁၀)ပါး'**၊ အသက်ကိုပင်မငဲ့ညှာဘဲ လွန်စွာသောဖြည့်ကျင့်မှု **'ပရမတ္ထပါရမီ(၁၀)ပါး'** တို့ကိုလည်း ဖြည့်ကျင့်တော်မူခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



- **ပဋိသန္ဓေတည်ရန်အတွက် ကြည့်ခြင်းကြီးငါးရပ်။**
  - (၁) ဘုရားဖြစ်ထိုက်သောအချိန်ကာလ
  - (၂) ဘုရားဖြစ်ရာကျွန်းအရပ်
  - (၃) ဘုရားဖြစ်ရာအရပ်ဒေသ
  - (၄) ဖြစ်ရအံ့သောအမျိုးအနွယ်
  - (၅) မယ်တော်၏အာယုပရိစ္ဆေဒ(သက်တမ်း)
- ပဋိသန္ဓေစံဝင်တော်မူသည့်အချိန် – မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့်၊ ညသန်းခေါင်ယံအချိန်။
- ဖခမည်းတော် နှင့် မယ်တော်အမည် – သုဒ္ဓေါဒနမင်းကြီး + မဟာမာယာဒေဝီ။
- မွေးဖွားတော်မူသည့်ဖြစ်စဉ် – မယ်တော်မာယာဒေဝီသည် မိဘဆွေမျိုးများရှိရာ ဒေဝဒဟပြည်သို့ အလည်အပတ်သွားရာလမ်းခုလတ် ကပိလဝတ်ပြည်ရှိ လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်၌ ဖွားမြင်တော်မူသည်။ (အိန္ဒိယနှင့် နီပေါနယ်စပ်အနီး၊ နီပေါနိုင်ငံပိုင်)
- ဖွားတော်မူသည့်အချိန် – မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်။
- **ဘုရားအလောင်းတော်၏ ဖွားဖက်တော်(၇)ပါး။**
  - (၁) ယသော်ဓရာမင်းသမီး
  - (၂) ညီတော်အာနန္ဒာ
  - (၃) ဆန္နအမတ်
  - (၄) ကာဠုဒါယီအမတ်
  - (၅) ကဏ္ဍကမြင်း
  - (၆) မဟာဗောဓိပင် (အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာအရပ်)
  - (၇) ရွှေအိုးကြီးလေးလုံး

www.burmeseclassic.com

www.burmeseclassic.com



- ဘုရားလောင်းလက်ထပ်ထိမ်းမြားခြင်းပြုသည့်သက်တော် – ၁၆ နှစ်
- ဘုရားလောင်းလက်ထပ်ထိမ်းမြားခြင်းပြုသည့်ကြင်ယာတော် – ယသော်ဓရာမင်းသမီး

(ဒေဝဒဟပြည် သုပ္ပဗုဒ္ဓမင်း၏ သမီးတော်၊ ဒေဝဒတ်၏ ညီမတော်)


- **ဘုရားလောင်းစံမြန်းခဲ့သော ရွှေနန်းပြာသဒ်သုံးဆောင်**

၁။ ရမ္မပြာသဒ် (ဘုံကိုးဆင့်ရှိသည်)

၂။ သုရမ္မပြာသဒ် (ဘုံခုနစ်ဆင့်ရှိသည်)

၃။ သုဘပြာသဒ် (ဘုံကိုးဆင့်ရှိသည်)


- နိမိတ်ကြီးလေးပါးမြင်တော်မူသည့်သက်တော် – ၂၈ နှစ်။
- နိမိတ်ကြီးလေးပါးမြင်တော်မူသည့်နေရာ – ဥယျာဉ်တော်အနီး။
- **မြင်တော်မူသည့် နိမိတ်ကြီးလေးပါး** – သူအို ၊ သူနာ၊ သူသေ ၊ ရဟန်း။
- ဘုရားလောင်းတောထွက်သည့်သက်တော် – ၂၉ နှစ်။
- အဖော်ပါသည့်အမတ် – ဆန္နအမတ်။
- စီးတော်မြင်း – ကဏ္ဍကမြင်း။
- ဘုရားလောင်းတောထွက်မည့်နေ့၌ ဖွားမြင်ခဲ့သော သားတော်အမည် – ရာဟုလာ။



www.burmeseclassic.com

www.burmeseclassic.com





- တောထွက်တော်မူသည့်အချိန် – မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်၊ သန်းခေါင်ယံအချိန်။
- ဘုရားအလောင်းအား သင်္ကန်းပရိက္ခရာ(၈)ပါးကို ဆပ်ကပ်သောမင်း – ဃဋိကာရဗြဟ္မာမင်း။
- **ပရိက္ခရာ(၈)ပါး။**

| | | | |
|---|---|---|---|
| (၁) | နှစ်ထပ်သင်္ကန်း | (၅) | ဆံမှတ်ဆိတ်ရိတ်ဓား |
| (၂) | ကေသီ (ခေါ်) အပေါ်ဝတ်ရုံ | (၆) | အပ် |
| (၃) | သင်းပိုင် (ခေါ်) အောက်ခါးအဝတ် | (၇) | ခါးပန်းကြိုး (ခါးပတ်) |
| (၄) | သပိတ် | (၈) | ရေစစ် |

- ဘုရားအဖြစ်ရရန်ကျင့်တော်မူသောတော – ဥရုဝေလတော။
- ဒုက္ကရစရိယာအကျင့် – ပြင်းပြင်းစွာသောအကျင့်(ဒုက္ခဆင်းရဲပင်ပန်းကြီးစွာဖြင့် ကျင့်ရသောအကျင့်)။
- ဒုက္ကရစရိယာကျင့်တော်မူစဉ်ပြုစုလုပ်ကျွေးသူများ – ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ (ပဉ္စဝဂ္ဂီငါးဦး)။
- ဒုက္ကရစရိယာအကျင့်ကို စွန့်ပယ်ပြီးနောက် ဘုရားလောင်းကျင့်သုံးခဲ့သောအကျင့် – မဇ္ဈိမပဋိပဒါအကျင့်။
- မဇ္ဈိမပဋိပဒါ – အစွန်းနှစ်ပါးကိုရှောင်၍ အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးခြင်း။

(အစွန်းနှစ်ပါး = ပျော်ရွှင်မှုကိလေသာကာမဂုဏ်ကို အလွန်အကျူးခံစားခြင်းနှင့် ခန္ဓာကိုယ်အားအလွန်အကျူးညှင်းပန်းနှိပ်စက်ခြင်း။)

www.burmeseclassic.com

www.burmeseclassic.com



- **ဘုရားရှင်၏ ဉာဏ်တော်သုံးပါး** (ပု–ဒိ–အာ)

  ၁။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် = လွန်လေပြီးသောဘဝပေါင်းများစွာကို ပြန်လည်သိနိုင်စွမ်းသောဉာဏ်။

  ၂။ ဒိဗ္ဗစက္ခုဉာဏ် = သုံးဆယ့်တစ်ဘုံ၌ (မွေးဖွားခြင်း၊ သေဆုံးခြင်း)ဖြစ်ပျက်၍နေကြကုန်သောသတ္တဝါအားလုံးကို မြင်နိုင်စွမ်းသောဉာဏ်။

  ၃။ အာသဝက္ခယဉာဏ် = ကိလေသာဟူသမျှကို အကြွင်းမရှိ ပယ်စွမ်းနိုင်၍ သစ္စာ(၄)ပါးကို သိမြင်သောဉာဏ်။

- **သစ္စာလေးပါး။**

  ၁။ ဒုက္ခသစ္စာ = ဆင်းရဲခြင်းအမှန်တရား။

  ၂။ သမုဒယသစ္စာ = ဆင်းရဲကြောင်းအမှန်တရား။

  ၃။ နိရောဓသစ္စာ = ဒုက္ခချုပ်ငြိမ်းရာ အမှန်တရား။

  ၄။ မဂ္ဂသစ္စာ = ဆင်းရဲချုပ်ငြိမ်းရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကောင်းလမ်းကြောင်းအမှန်။



- ဘုရားအဖြစ်သို့ရောက်တော်မူသောသက်တော် = ၃၅ နှစ်။
- ဘုရားအဖြစ်သို့ရောက်တော်မူသောအချိန် = မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ နံနက်အရုဏ်တက်ချိန်။
- အိပ်မက်ငါးပါးမြင်မက်တော်မူသောနေ့ = မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်။

www.burmeseclassic.com

www.burmeseclassic.com



– **အိပ်မက်ကြီးငါးပါး။**

၁။ မဟာပထဝီမြေကြီးပေါ်တွင် လျောင်းစက်နေသော အလောင်းတော်မြတ်၏ ပြန့်ကျယ်ကြီးမားသော ခန္ဓာကိုယ်သည် နီပေါနှင့် အိန္ဒိယမြေပြင်၌ ခေါင်းဝင်ကိုယ်ဆန့်ဖြစ်နေသည်။ မြောက်ဘက်က ဟိမဝန္တာတောင်ထွတ်သည် အလောင်းတော်မြတ်၏ ခေါင်းအုံးဖြစ်နေသည်။ ဘယ်ဘက်လက်သည် အရှေ့ဘက်ဘင်္ဂလားပင်လယ်ကမ်းသို့ရောက်နေပြီး ပင်လယ်လှိုင်းများက လက်ကိုဆေးကြောပေးနေသည်။ ညာလက်လက်သည် အနောက်ဘက် ဆိန္ဓုပင်လယ်ကမ်းသို့ရောက်နေပြီး ပင်လယ်လှိုင်းများက လက်ကိုဆေးကြောပေးနေသည်။ ခြေထောက်တော်သည် တောင်ဘက်ဟိန္ဒူပင်လယ်ကမ်းသို့ ရောက်နေပြီး ပင်လယ်လှိုင်းများက ခြေထောက်ကို ဆေးကြောပေးနေသည်။ ယင်းအိပ်မက်သည် ကျယ်ပြန့်ကြီးမားသော မဟာပုရိသ၊ သမ္မာသမ္ဗုဒ္ဓ၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၏ သတ္တာဖြစ်လာလိမ့်မည်။ တစ်ကမ္ဘာလုံးဒေသနာတော်ပြန့်ပွားသွားလိမ့်မည် ဟူ၍ညွှန်ပြနေသော နီပေါနှင့် အိန္ဒိယ၏ ပထမဦးဆုံး မြေပုံဖြစ်သည်။

၂။ ချက်နေရာမှ ပေါက်လာသောသစ်ပင်သည် မြင့်တက်သွားရာ ကောင်းကင်အထိရောက်သွားသည်။ ယင်းအိပ်မက်သည် အနာဂတ်ကာလ၌ ဖြစ်ပေါ်လာမည့် အမှန်တရား၏လက္ခဏာဖြစ်သည်။ အလောင်းတော်မြတ်သည် နောင်အခါ ပထဝီမြေပြင်ပေါ်ရှိ လူသားများ၏သတ္တာဆရာမျှသာမက အထက်ဘုံရှိနတ်ပြဟ္မာများ၏ သတ္တာဆရာလည်းဖြစ်လိမ့်မည်။ ယင်းတို့၏ကောင်းကျိုးကိုလည်း ဆောင်ရွက်လိမ့်မည်။ ''သတ္တာဒေဝမနုဿနံ'' ဖြစ်လိမ့်မည်။ သတ္တဝါအားလုံး၏ကောင်းကျိုးကို ဆောင်ရွက်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဦးခေါင်းမည်းနက်နေသော အသချေ်အနန္တ အဖြူရောင်သတ္တဝါများသည် အလောင်းတော်မြတ်၏ ခြေအစုံတွင် လဲလျောင်းကြသည်မှာ ဒူးခေါင်းအထိ အပြည့်ဖြစ်သွားသည်။ ယင်းအိပ်မက်ကား ဦးခေါင်းအပိုင်းမည်းနက်နေပြီး အဖြူရောင်အဝတ်ဝတ်ထားကြသော လူဝတ်ကြောင် အသချေ်အနန္တတို့သည် မြတ်စွာဘုရားရှင်၏ ခိုလှုံရာသို့ရောက်လာကြမည်။ ယုံကြည်ချက်အမျိုးမျိုး၊ အယူအဆအမျိုးမျိုးရှိကြကုန်သော လူဝတ်ကြောင် အသချေ်အနန္တတို့သည် စင်ကြယ်စစ်မှန်သော ဓမ္မရရှိကြသည်ဖြစ်၍ ဝမ်းသာအားရပီတိသောမနသ ဖြစ်ကြပြီးလျှင် မြတ်စွာဘုရားရှင်၏ တပည့်သာဝကများ ဖြစ်ကြလိမ့်မည်။

၄။ အရပ်လေးမျက်နှာမှလာကြကုန်သော အရောင်အဆင်းအမျိုးမျိုးရှိကြကုန်သော ငှက်များသည် အလောင်းတော်မြတ်၏ရင်ခွင်သို့ ရောက်ရှိလာသောအခါ အဖြူရောင်ဖြစ်သွားကြသည်။ ယင်းအိပ်မက်သည် အမျိုးမျိုးသောလူများသည် မြတ်စွာဘုရားရှင်၏ခိုလှုံရာသို့ ရောက်လာကြကာ ဇာတ်မြင့်ဟူသောမာန်မာနမှလည်းကောင်း၊ ဇာတ်နိမ့်ဟူသော သိမ်ငယ်နေမှုမှလည်းကောင်း လွတ်မြောက်သွားကြပြီးလျှင် ဓမ္မကတရားသိမြင် တရားရှင်များ ဖြစ်သွားကြလိမ့်မည်။ အမျိုးဇာတ်ကို အလေးမထားကြတော့ဘဲ အကျင့်သိက္ခာကိုသာ အလေးထားကြတော့မည်။

၅။ ကျင်ကြီးကျင်ငယ်ပေကျံနေသော မြေကြီးပေါ်တွင် စင်္ကြံလျှောက်နေသော်လည်း အညစ်အကြေးနှင့် ထိတွေ့မှုမရှိဟူ၍ အိပ်မက်မြင်မက်သည်။ ယင်းအိပ်မက်သည် ကမ္ဘာလောကထဲတွင်နေသော်လည်း မည်သည့်အညစ်အကြေးမှ စွန်းထင်းကပ်ညိခြင်းမရှိဖြစ်နေမည်ဟု ညွှန်ပြနေသည်။ ကမ္ဘာလောက၌ အညစ်အကြေးအပြည့်ရှိနေသည်။ တစ်ကမ္ဘာလုံးရှိ အညစ်အကြေးများကို ဖယ်ရှားပစ်ဖို့ရန်မှာ မဖြစ်နိုင်ပေ။ သို့သော်လည်း မိမိကိုယ်ကို အညစ်အကြေး မထိအောင်နေရမည်။

www.burmeseclassic.com

www.burmeseclassic.com



- ဘုရားရှင်၏ ပထမဦးဆုံးဖူးတွေ့ရသောဒါယကာများ = တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်။
- ဘုရားရှင်၏ ပထမဦးဆုံးတရားတော် = ဓမ္မစကြာတရားတော်။

(ဓမ္မစကြာ = "အခိုင်အခံ့ပြုခြင်း၊ တရားတည်းဟူသောစက်ဝန်း" ၎င်းတရား၌ မဂ္ဂင်ရှစ်ပါးနှင့် သစ္စာလေးပါးတရားတို့ ပါဝင်သည်။)

- မဂ္ဂင်ရှစ်ပါး = ဆင်းရဲကြောင်းဒုက္ခတို့မှ ချုပ်ငြိမ်းသောနိဗ္ဗာန်သို့ ပို့ဆောင်နိုင်သော အကျင့်မြတ်။
- ဓမ္မစကြာတရားတော်ကို ဟောတော်မူသည့်နေရာ = ဗာရာဏသီပြည်၊ မိဂဒါဝုန်တော။
- မြတ်စွာဘုရားရှင်၏ ပထမအဂ္ဂသာဝက = အရှင်သာရိပုတ္တရာမထေရ်မြတ် (လက်ယာတော်ရံ)။
- မြတ်စွာဘုရားရှင်၏ ဒုတိယအဂ္ဂသာဝက = အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် (လက်ဝဲတော်ရံ)။
- မြတ်စွာဘုရားရှင်ကို အနီးကပ်ဆုံး အလုပ်အကျွေးပြုသောသာဝက = အရှင်အာနန္ဒာမထေရ်မြတ်။
- ပိဋကတ်သုံးပုံ

(၁) ဝိနယ(ဝိနည်း)ပိဋကတ် (စည်းကမ်းပိုင်း) စည်းကမ်းဥပဒေအစု။

(၂) သုတ္တန်ပိဋကတ် (နည်းလမ်းပိုင်း) မြတ်စွာဘုရားရှင်၏ တရားတော်များကို ပန်းကလေးများစီကုံး၍ ထားသကဲ့သို့စီကုံးထားသောအစု။

(၃) အဘိဓမ္မာပိဋကတ်(သဘောသဘာဝပိုင်း) ဝိနည်း၊ သုတ္တန်တို့ထက် အလွန်သာလွန်မြင့်မြတ်သောပရမတ်သဘောတရားတို့၏အစု။

www.burmeseclassic.com

www.burmeseclassic.com



**မြတ်စွာဘုရား၏ သာသနာသုံးရပ်။**

၁။ ပရိယတ္တိသာသနာ (ဟောပြောခြင်း၊ စာပေမှတ်တမ်းတင်ခြင်း၊ သင်ကြားခြင်း)။

၂။ ပဋိပတ္တိသာသနာ (မိမိခန္ဓာကိုယ်တွင်းသို့ မိမိဉာဏ်ဖြင့် ရှုမှတ်ပွားများလေ့ကျင့်ခြင်း)။

၃။ ပဋိဝေဒသာသနာ (ပဋိပတ္တိသာသနာအကျင့်ကျင့်ပြီးမှသာလျှင် အရှိတရား၊ အမှန်တရား၊ သဘောတရားများ သိမြင်လာပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ မျက်မှောက်ပြုအကျိုးရရှိခြင်း)။

- ဘိက္ခုနီသာသနာတည်ထောင်ရန် ဘုရားရှင်အား တောင်းပန်လျှောက်ထားခဲ့သူ = မဟာပဇာပတိဂေါတမီ (ခေါ်) မိထွေးတော် ဂေါတမီ။
- ဘိက္ခုနီသာသနာတွင် အကြီးမြတ်ဆုံးအဂ္ဂသာဝကမကြီး(၂)ပါး = ခေမာထေရီအရှင်မကြီးနှင့် ဥပ္ပလဝဏ္ဏာထေရီအရှင်မကြီး။
- မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီး နောက်ဆုံးမြွက်ကြားတော်မူခဲ့သောစကားတော် = **'ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ'** 'အကြောင်းတရားရှိ၍ ဖြစ်ကြရသော သင်္ခါရဟူသမျှသည် ပျက်စီးခြင်းသဘောရှိကြ၏။ မမေ့မလျော့ မပေါ့မဆ မြဲမြံသော သတိတရားဖြင့် အကျင့်သိက္ခာပြည့်စုံရစ်ကြပါ' ဟူ၍ဖြစ်သည်။
- မြတ်စွာဘုရားရှင်အား ပူဇော်ရန် အကောင်းဆုံးနည်းလမ်း = 'ငါဘုရားဟောကြားခဲ့သော တရားတော်များကို အကောင်းဆုံး လိုက်နာကျင့်သုံးခြင်းသည် ငါဘုရားကို ပူဇော်ခြင်းပင်တည်း'ဟု ဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့ခြင်းကြောင့် ဘုရားရှင်ကို ပူဇော်ရန် အကောင်းဆုံးနည်းလမ်းမှာ 'တရားအားထုတ်ခြင်း' ဆိုသည့် ဓမ္မနှင့် ပူဇော်ခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



- ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်အချိန် = မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့်၊ နံနက်အရုဏ်တက်အချိန်။
- ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်နေရာ = ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်။
- ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်သက်တော် = သက်တော် ၈၀ နှစ် ( ဝါတော် ၄၅ ဝါ )။

ငါ့ရှင်တို့ . . .

မသူတော်တရားများ မထွန်းကားသေးမီ ၊ သူတော်ကောင်းတရားများ မမှေးမှိန်သေးမီ ၊
အကျင့်ပျက်များ မထွန်းကားသေးမီ ၊ အကျင့်ကောင်းများ မမှေးမှိန်သေးမီ ၊
အဓမ္မဘက်သားများ အားမကောင်းသေးမီ ၊ ဓမ္မဘက်သားများ အားမယုတ်သေးမီ ၊
အကျင့်ပျက်သမားများ အားမကောင်းသေးမီ ၊ အကျင့်ကောင်းသမားများ အားမယုတ်သေးမီ ၊
ဓမ္မ နှင့် ဝိနယ ကို ငါတို့ “ သင်္ဂါယနာ ” တင်ကြပါစို့။

(အရှင်မဟာကဿပ)

www.burmeseclassic.com

www.burmeseclassic.com



# သင်္ဂါယနာ (၆)တန်

**သင်္ဂါယနာတင်ခြင်း**

မြတ်စွာဘုရားရှင်၏ တရားတော်များ မပျက်စီးမပျောက်ပျက်ရလေအောင် ဘုရားရှင်၏ တရားဓမ္မများကို တတ်ကျွမ်းသော သံဃာတော်များ စုပေါင်းပြီး ဗုဒ္ဓ၏ဓမ္မအား သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်ရန်အတွက် စစ်မှန်သောဓမ္မကိုသာ သံဃာများ၏ သဘောတူညီမှုရယူကာ ရွတ်ဖတ်မှတ်တမ်းတင် အတည်ပြုကြခြင်းကို **သင်္ဂါယနာတင်ခြင်း** ဟုခေါ်သည်။ မင်းထုနှင့် ပြည်သူထုမှ ပံ့ပိုးကူညီကြသည်။

## ပဌမသင်္ဂါယနာတင်ခြင်း

(၁) **အကြောင်းခံ**

သုဘဒ္ဒဟုခေါ်သော ရဟန်းသည် ဘုရားရှိစဉ်ကတည်းက ဝိနည်း(စည်းကမ်း)အား အကြိမ်ကြိမ်ဖောက်ပြန်ခဲ့သဖြင့် ဘုရားရှင်၏ အကြိမ်ကြိမ် သတိပေးမှုကိုခံခဲ့ရသောကြောင့် ဘုရားရှင်အား အညှိုးထားခဲ့ရာမှ ဘုရားရှင်ပရိနိဗ္ဗာန်ပြုသည်နှင့် လွတ်လပ်ပြီဆိုပြီး ကြွေးကြော်ကာ သာသနာအား ညှိုးနွမ်းအောင် ပြုလုပ်ခဲ့သည်ကို အကြောင်းပြုပြီး တင်ခဲ့သည်။

(၂) **သာသနာနှစ်** – မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီး (၃)လနှင့် (၄)ရက်။ (သာသနာတော်နှစ် –၁ နှစ်)။

(၃) **နေရာ** – ရာဇဂြိုဟ်ပြည် ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူ။

www.burmeseclassic.com

www.burmeseclassic.com



(၄) **ခေါင်းဆောင်** – အရှင်မဟာကဿပမထေရ် ဦးဆောင်သော ရဟန္တာပေါင်း (၅၀၀)။

(၅) **မင်း** – အဇာတသတ်မင်း။

(၆) **ကြာမြင့်ချိန်** – (၇) လ။

- သုဘဒ္ဒရဟန်းအား အကြောင်းပြုပြီး အရှင်မဟာကဿပမထေရ်မှ ဦးဆောင်ပြီး **အရှင်ဥပါလိမှ ဝိနည်းတော်** ကိုလည်းကောင်း၊ **အရှင်အာနန္ဒာမှ သုတ္တန်နှင့် အဘိဓမ္မာ** ကိုလည်းကောင်း သံဃာအစည်းအဝေးသို့ တင်သွင်းခဲ့သည်။
- ဘုရားရှင်ဟောကြားခဲ့သောဓမ္မသည် လွန်စွာများပြားလှသဖြင့် တရားအစုအဖွဲ့အသေးများစုဖွဲ့ခြင်းကို ဓမ္မက္ခန္ဓာဖွဲ့ခြင်းဖြင့် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ရရှိခဲ့သည်။ ၎င်းကို ထပ်မံပြီး သဘောတရားတူရာအလိုက် အုပ်စုဖွဲ့လိုက်ရာ အုပ်စု(၃)စု ရရှိပြီး ပိဋကတ်(၃)ပုံဟု ခေါ်တွင်သည်။
- ၎င်းပိဋကတ်(၃)ပုံမှာ ဝိနည်းပိဋကတ်တွင် ဓမ္မခန္ဓာ(၂၁၀၀၀)၊ သုတ္တန်ပိဋကတ်တွင် ဓမ္မာခန္ဓာ (၂၁၀၀၀)၊ အဘိဓမ္မာပိဋကတ်တွင် ဓမ္မခန္ဓာ (၄၂၀၀၀) ထည့်သွင်းကာ သဘောတူခဲ့ကြသည်။
- အစည်းအဝေးတက်ရောက်ကြသော ရဟန္တာများသည် ဘုရားရှင်အား မီခဲ့ကြပြီး တရားတော်များကိုအနီးကပ်ဆုံး နာကြားသင်ယူခဲ့ရသည့် ပဋိသမ္ဘိဒါပတ္တ တန်ခိုးကြီးမားပြီး စင်ကြယ်လှသော ရဟန္တာကြီးများ ဖြစ်ကြသည်။
- ပထမအကြိမ်သင်္ဂါယနာတင်ခြင်းကို နှုတ်(ပါးစပ်)ဖြင့်သာ တင်ခဲ့ကြပြီး သံဃာအစည်းအဝေးတွင် ပိဋကတ်(၃)ပုံ စတင်သတ်မှတ် စိစစ်ခဲ့ကြရာ ဘုရားရှင်ဟောကြားခဲ့သော တရားတော်များ အာလုံးပြည့်စုံမှု ''ဖြစ်၊ မဖြစ်'' (လိုနေလျှင်ထပ်ဖြည့်ရန်လည်းကောင်း၊ ပိုနေလျှင် နုတ်ပယ်ရန် လည်းကောင်း)ကို စိစစ်ခဲ့ကြရာ သံဃာအားလုံးမှ ပြည့်စုံပြီဖြစ်ကြောင်း တညီတညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



- ဘုရားရှင်၏ဓမ္မကို မူရင်းအတိုင်း ထိန်းသိမ်းစောင့်ရှောက်ပြီး **'လိုတိုးပိုလျှော့ လုံးဝလုပ်ခွင့်မရှိ၊ သံဃာတော်များမှ ထေရ်စဉ်၊ဝါစဉ်အလိုက် စောင့်ရှောက်ကြပါစို့**' ဟု သဘောတူညီမှုယူခဲ့ပြီး **ထေရဝါဒဗုဒ္ဓသာသနာ** ဟုခေါ်တွင်ခဲ့ပေသည်။
- **ရဟန္တာ(၅၀၀)သော** သံဃာထုခေါင်းဆောင်ပြီး အဇာတသတ်မင်းအမှူးပြုသော မင်းထုနှင့် သာသနာဝင်ပြည်သူလူထုအားလုံးမှ ပဉ္စယာနုဂ္ဂဟ **အဖြစ် ပံ့ပိုးကူညီ**ခဲ့ကြပါသည်။

## ဒုတိယအကြိမ်သင်္ဂါယနာတင်ခြင်း

(၁) **အကြောင်းခံ**

သာသနာနှစ်(၁၀၀)ကြာပြီးနောက် ဝဇ္ဇီတိုင်းသားရဟန်းများ(ဒေဝဒတ်၏တပည့်များ)မှ အဓမ္မဝတ္ထု(၁၀)ပါးကို တောင်းဆိုခဲ့ကြသည်။ ဥပမာ- နေလက်တစ်သစ်လွဲသည်အထိ ထမင်းစားရန်လည်းကောင်း၊ သေန(အရက်ပျော့ပျော့)ကိုသောက်ရန်လည်းကောင်း၊ ရွှေငွေများကို သာမန်လူပုဂ္ဂိုလ်များကဲ့သို့ ကိုင်တွယ်အသုံးပြုရန်လည်းကောင်း စသည်ဖြင့်တောင်းဆိုခဲ့သည်မှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကို ပြုပြင်ပြောင်းလဲရေး လုပ်လာသဖြင့် သာသနာတော်ညှိုးနွမ်းလာသည်ကို အကြောင်းပြုပြီး တင်ခဲ့သည်။

(၂) **သာသနာနှစ်** - (၁၀၀)။ **[BC - 443]**

(၃) **နေရာ** - ဝေသာလီပြည်၊ ဝါဠုကာရာမကျောင်း။

www.burmeseclassic.com

www.burmeseclassic.com



(၄) **ခေါင်းဆောင်** – အရှင်ယသမထေရ် ဦးဆောင်သော ရဟန္တာပေါင်း(၇၀၀)။

(၅) **မင်း** – ကာလာသောကမင်း။

(၆) **ကြာမြင့်ချိန်** – (၈) လ။

- ဝဇ္ဇီတိုင်းသားရဟန်းများကို အကြောင်းပြုပြီး **အရှင်ယသမထေရ်မှ** ဦးဆောင်ပြီး **အရှင်ရေဝတ** နှင့် **အရှင်သဗ္ဗကာမိ**နှစ်ပါးမှ အမေးအဖြေများ ပြုလုပ်စိစစ်ခဲ့ကြပြီး နူတ်ထက်အက္ခရာတင်ခဲ့ကြရာ (၈)လကြာမြင့်ခဲ့သည်။ ရဟန္တာ(၇၀၀)ပါသော သံဃာထု၊ ကာလာသောကမင်း၏ မင်းထုနှင့် ပြည်သူလူထု၏အကူအညီရယူကာ ထု(၃)ထု ပူးပေါင်းပြီး ရဟန်းပျက်များအား စိစစ်ခဲ့ရာမှ ရဟန်းပျက်ပေါင်း (၁၀၀၀၀)ကျော်အား နှင်ထုတ်ခဲ့ရသည်။
- ၎င်းရဟန်းပျက်(၁၀၀၀၀)ကျော်ကို တိုင်းပြည်မှ နှင်ထုတ်လိုက်ရာ ၎င်းတို့သည် ဟိမဝန္တာတောင်ခြေဖက်သို့ သွားရောက်ခဲ့ရာ ၎င်းနေရာရှိမင်းတစ်ပါးမှ နိုလှုံခွင့်ပေးခဲ့ရာမှ ၎င်းတို့သည်လည်း သင်္ဂါယနာစင်ပြိုင်တင်ခဲ့ကြသည်။ ၎င်းတို့မှာ ကြီးမားသောအင်အားရှိသဖြင့် မဟာသံဃိကဂိုဏ်း ဟု ခေါ်ဆိုကြပြီး ဝေသာလီ၌ ကျန်ရှိခဲ့ကြသော ရဟန္တာ(၇၀၀)ပါသော အဖွဲ့အား ဟီနယာနဂိုဏ်း သေးငယ်သောအဖွဲ့ဟု ခေါ်တွင်ခဲ့ကြသည်။
- သာသနာတော်ညှိုးနွမ်းလာသော အန္တရာယ်ကိုကာကွယ်ရန် သံဃာထု၊ မင်းထု၊ ပြည်သူလူထု **ထု(၃)ထုမှ** ပူးပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်လာခဲ့ခြင်းသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## တတိယအကြိမ် သင်္ဂါယနာတင်ခြင်း

(၁) **အကြောင်းခံ**

သာသနာနှစ်(၂၃၅)နှစ် ကြာပြီးနောက် ပါဋလိပုတ်ပြည်တွင် မိစ္ဆာအယူရှိသော ရဟန်းအတု(၆၀၀၀၀)ကျော်အထိ သာသနာအတွင်း အယောင်ဆောင်ပြီး ဝင်ရောက်လာကြသည်ကို အကြောင်းပြုပြီး တင်ခဲ့ရသည်။

(၂) **သာသနာနှစ်** – (၂၃၅)။ **[BC - 308]**

(၃) **တည်နေရာ** – ပါဋလိပုတ်ပြည်၊ အာသောကာရုံကျောင်း။

(၄) **ခေါင်းဆောင်** – အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဦးဆောင်သော ရဟန္တာပေါင်း (၁၀၀၀)။

(၅) **မင်း** – သီရိဓမ္မာသောကမင်း (အသောကမင်း)။

(၆) **ကြာမြင့်ချိန်** – (၉)လ။

- ရဟန်းအတု(၆၀၀၀၀)ကျော် သာသနာအတွင်းဝင်ရောက်လာခဲ့ကြပြီး ကတုံးတုံးသင်္ကန်းစည်းသည်နှင့် ရဟန်းဖြစ်ပြီး အလိုရှိတိုင်းပြုလုပ်နေကြရာ သာသနာတော်လွန်စွာမှ ညှိုးမှိန်လာခဲ့ပြီး ဝိနည်းတော်နှင့်အညီ ကျင့်ကြံအားထုတ်နေကြသော ရဟန်းအစစ်တို့မှာ လွန်စွာချို့တဲ့ဒုက္ခရောက်ခဲ့ကြရသည်။
- အရှင်တိဿမထေရ်ကြီး ဦးဆောင်သောရဟန္တာ(၁၀၀၀)ပါသော သံဃာထု၊ သီရိဓမ္မာသောကမင်း၏ မင်းထု နှင့် သာသနာဝင် ပြည်သူလူထု စသော ထု(၃)ထု ပူးပေါင်းပြီး နုတ်ထက်အကျရာ သင်္ဂါယနာတင်ခဲ့ရာ အချိန်(၉)လကြာမြင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



- အယောင်ဆောင်ဝင်လာသော ရဟန်းအတုများအား စိစစ်ပြီး လူဝတ်လဲစေခြင်း၊ သာသနာတော်မှ နှင်ထုတ်ခဲ့ခြင်းတို့ဖြင့် သာသနာတော် ညှိုးနွမ်းနေမှုကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပေသည်။
- သီရိဓမ္မာသောကမင်းသည် သင်္ဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များစေလွှတ်ပြီး အကြီးမားဆုံးသော သာသနာပြုလုပ်ငန်းကို ကမ္ဘာအနှံ့ပြုလုပ်ခဲ့ရာ ကမ္ဘာ့အင်ပါယာတစ်ခုလုံး၏ (၅)ပုံ (၄)ပုံသည် ဗုဒ္ဓသာသနာတော် လွှမ်းမိုးခဲ့ရသည်။
- သုဝဏ္ဏဘူမိသာသနာပြုအဖွဲ့မှ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ် (၂)ပါး ဦးဆောင်သော ရဟန္တာ(၅)ပါးအဖွဲ့၏ သထုံဖက်သို့ ဝင်ရောက်သာသနာပြုရာမှ မြန်မာနိုင်ငံသို့ သာသနာရောက်ရှိလာခဲ့ခြင်းဖြစ်သည်။
- ထို့နောက် ရှင်အရဟံမထေရ်မြတ်၏ လမ်းညွှန်မှု၊ အနော်ရထာမင်းကြီး၏ကြိုးပမ်းအားထုတ်မှုတို့ကြောင့် ပုဂံနေပြည်တော်သို့ ထေရဝါဒဗုဒ္ဓသာသနာ ရောက်ရှိလာကာ ယနေ့တိုင် မြန်မာနိုင်ငံတွင် ပြန့်ပွားအခြေတည်ခဲ့သည်။

## စတုတ္ထအကြိမ်သင်္ဂါယနာတင်ခြင်း

(၁) အကြောင်းခံ

သာသနာနှစ်(၄၅၀)ကြာသောအချိန်၊ သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)သို့ သာသနာကူးပြောင်းလာခဲ့သည်။ ထို့နောက် အဝတ်ဘေးနှင့် သူပုန်ဘေးကြီး(၁၂)နှစ်ကြာ ကျရောက်ခဲ့ရသဖြင့် သံဃာအစစ်များ ဒုက္ခရောက်ခဲ့မှုကို အကြောင်းပြုပြီး တင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) **သာသနာနှစ်** – (၄၅၀)။ **[BC - 93]**

(၃) **နေရာ** – သီဟိုဠ်နိုင်ငံ၊ မလယဇနပုဒ်၊ အလောကလိုဏ်ဂူ။

(၄) **ခေါင်းဆောင်** – အရှင်မဟာဓမ္မရက္ခိတမထေရ် ဦးဆောင်သော ရဟန္တာပေါင်း(၅၀၀)။

(၅) **မင်း** – ဝဋ္ဋဂါမဏိမင်း။

(၆) **ကြာမြင့်ချိန်** – တစ်နှစ်။

- သီရိဓမ္မာသောကမင်း၏ သားတော် နှင့် သမီးတော်တို့ ပြုခဲ့သောသာသနာသည် သီဟိုဠ်တွင် ထွန်းကားခဲ့ရာမှ အငတ်ဘေးနှင့် သူပုန်ဘေးများ (၁၂)နှစ်ကြာပေါ်ပေါက်ရာ ဒါယကာ၊ ဒါယိကာမများမှ ပစ္စည်းလေးပါးပံ့ပိုးမှုမရှိတော့သဖြင့် ဝိနည်းလေးစားသော သံဃာအစစ်တို့သည် ဒုက္ခရောက်ကြရသည်။
- အချို့သောသံဃာအစစ်တို့သည် ဘုရားရှင်၏ ဓမ္မများ မပျောက်ပျက်ရလေအောင် နှုတ်ဖြင့်ရွတ်ဆိုရင်း သဲသောင်ပေါ်တွင် ဖိုက်ပေါ်သဲများတင်ပြီး မမေ့လျော့အောင် ရွတ်ဖတ်ထိန်းသိမ်းနေကြရသည်။ အချို့သံဃာတို့တွင်လည်း လွန်စွာချို့တဲ့လာကြသဖြင့် နီဝရဏတရားများ လွှမ်းမိုးလာကြသည်။
- သူပုန်ဘေး(၁၂)နှစ်ကာလပြီးဆုံးချိန်တွင် သာသနာလွန်စွာညှိုးမှိန်နေသဖြင့် အရှင်မဟာဓမ္မရက္ခိတမထေရ် ဦးဆောင်သော ရဟန္တာ(၅၀၀) တို့ပါဝင်သော သံဃာထု၊ အထောက်အပံ့ပြုကြသော ဝဋ္ဋဂါမဏိမင်း၏မင်းထု၊ သာသနာဝင် ပြည်သူလူထု ထု(၃)ထု ပူးပေါင်းဆောင်ရွက်ကြသည်။
- ပိဋကတ်တော်များကို နှုတ်ထက်အက္ခရာတင်လျှင် နောင်တွင် အလွယ်တကူ ပျောက်ကွယ်သွားနိုင်သည်ကို သိလာသဖြင့် မှတ်တမ်းအဖြစ် ပေရွက်ပေါ် ရေးတင်ပြီး ပေထက်အက္ခရာတင်ခဲ့ရာ တစ်နှစ်ကြာမြင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပဉ္စမအကြိမ်သင်္ဂါယနာတင်ခြင်း

(၁) **အကြောင်းခံ**

သာသနာနှစ်(၂၄၁၅)နှစ်ကြာပြီးနောက် စတုတ္ထနှင့် ပဉ္စမအကြိမ်ကြားတွင် နှစ်ပေါင်း(၂၀၀၀)ခန့်ကြာမြင့်ခဲ့သည့်အတွက် ပေရွက်ပေါ်တင်ထားမှုသည် ရာသီဥတုနှင့် ပိုးမွှားအန္တရာယ်တို့ကြောင့် ကြာရှည်ခံနိုင်မှုမရှိဘဲ ဖြစ်လာခြင်း၊ မှုကွဲများဖြစ်ပေါ်လာခြင်းတို့အပေါ် အကြောင်းပြု၍ တင်ခဲ့သည်။

(၂) **သာသနာနှစ်** – (၂၄၁၅) ။ **[AD - 1857]**

(၃) **နေရာ** – မြန်မာနိုင်ငံ၊ မန္တလေးမြို့၊ ရတနာပုံနေပြည်တော်။

(၄) **ခေါင်းဆောင်** – အရှင်ဇာဂရမထေရ် ဦးဆောင်သော ရဟန်းသံဃာပေါင်း (၂၄၀၀)။

(၅) **မင်း** – မင်းတုန်းမင်း။

(၆) **ကြာမြင့်ချိန်** – နှုတ်ဖြင့်ရွတ် – (၅)လ (၃)ရက်။ ကျောက်ထက်တင် – (၇)နှစ် (၆)လ (၁၄)ရက်။

– သာသနာနှစ် (၂၄၁၅)နှစ်ကြာသောအခါ ပေရွက်ပေါ်တင်ထားသော ပိဋကတ်(၃)ပုံတို့သည် ရာသီဥတုနှင့် ပိုးမွှားအန္တရာယ်တို့ကြောင့် ပျက်စီးလာခဲ့ခြင်းနှင့် အချို့မှုကွဲများ ဖြစ်ပေါ်လာခြင်းတို့ကြောင့် အရှင်ဇာဂရမထေရ် ဦးဆောင်သော ရဟန်း(၂၄၀၀)ပါဝင်သော သံဃာထုသည် ထောက်ပံ့ကူညီပေးသော မင်းတုန်းမင်း၏ မင်းထုနှင့် သာသနာဝင် ပြည်သူလူထုစသော ထု(၃)ထုပူးပေါင်းပြီး မန္တလေးမြို့ရတနာပုံ နေပြည်တော်တွင် သင်္ဂါယနာတင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



- နှုတ်ဖြင့်ရွတ်ဆိုတင်ခဲ့ခြင်းသည် (၅)လနှင့်(၃)ရက်ကြာမြင့်ခဲ့ပြီးနောက် ပိဋကတ်တော်များကို ကမ္ဘာတည်သရွေ့ ကြာရှည်မပျက်စီးရလေအောင် စကျင်ကျောက်ပြားများပေါ်တွင် ထွင်းထုရေးသားခဲ့ရာ စကျင်ကျောက်ဖြူ အချပ်ပေါင်း(၇၂၉)ချပ် ရှိခဲ့ပြီး အချိန်အားဖြင့် (၇)နှစ်(၆)လနှင့်(၁၄)ရက် ကြာမြင့်ခဲ့သည်။ ယနေ့တိုင် မန္တလေးမြို့လောကမာရဇိန်ဘုရားဝင်းအတွင်း၌ ကမ္ဘာ့အကြီးဆုံးစာအုပ်(The world Biggest Book) ဟူသော အမည်ဖြင့် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၏ဂုဏ်ဆောင်မှတ်တိုင်ကြီးအဖြစ် လွှန်စွာထင်ရှားခဲ့ပေသည်။

## ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်ခြင်း

(၁) အကြောင်းခံ

သာသနာထွန်းကားရာ မြန်မာနိုင်ငံသည် တစ်ပါးသောဘာသာဝင်တို့၏ သူ့ကျွန်ဘဝရောက်ခဲ့ပြီး နှစ်(၁၀၀)ခန့်သာသနာညှိုးနွမ်းခဲ့မှုအပေါ် အကြောင်းခံပြီး သာသနာနှစ်(၂၄၉၈)တွင် သင်္ဂါယနာတင်ခဲ့သည်။

(၂) **သာသနာနှစ်** – (၂၄၉၈) ။ **[AD - 1956]**

(၃) **နေရာ** – မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ။

(၄) **ခေါင်းဆောင်** – ညောင်ရမ်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတဦးဆောင်သော ထေရဝါဒငါးနိုင်ငံမှ ရဟန်းသံဃာပေါင်း (၂၅၀၀)။

(၅) **မင်း** – ဖဆပလ ဦးနု အစိုးရ။

www.burmeseclassic.com

www.burmeseclassic.com




(၆) ကြာမြင့်ချိန် – (၂၄၅) ရက်။


- ဗုဒ္ဓသာသနာအထွန်းကားဆုံးဖြစ်သော မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝတွင် နှစ်(၁၀၀)ခန့် ကြာမြင့်ခဲ့ပြီး သာသနာတော် လွန်စွာညှိုးနွမ်းခဲ့ရသည်။ သူ့ကျွန်ဘဝမှ လွတ်မြောက်လာသည်နှင့် သာသနာနှစ်(၂၄၉၈)တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတွင် ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်ပြီး သာသနာတော်ကို စောင့်ရှောက်ခဲ့ရသည်။
- **ညောင်ရမ်းဆရာတော် ဘဒ္ဒန္တရေဝတ ၊ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘဏ နှင့် မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ** တို့ဦးဆောင်သော ထေရဝါဒနိုင်ငံများဖြစ်သော မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာနိုင်ငံ (၅)နိုင်ငံမှ ရဟန်း(၂၅၀၀) ပါဝင်သော သံဃာထု၊
- ဖဆပလ ဦးနုအစိုးရဦးဆောင်သော မင်းထုနှင့် သာသနာဝင် ပြည်သူလူထု စသော ထု(၃)ထု ပူးပေါင်းဆောင်ရွက်ပြီး ယခင် ပိဋကတ်တော်များကို ကျောက်ပြားပေါ်တွင် ဖတ်နေရာမှ အလွယ်တကူဖတ်မှတ်လေ့လာနိုင်ရန် စာအုပ်ပေါ်တွင် ကူးပြောင်းရိုက်နှိပ်ပြီး ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်ကာ သာသနာတော်ကို စောင့်ရှောက်ခဲ့ကြသည်။
- ယခုအချိန်တွင် ဗုဒ္ဓသာသနာတော်ပိဋကတ်(၃)ပုံစလုံးသည် စာအုပ်များပေါ်တွင် ရောက်ရှိလာပြီဖြစ်သဖြင့် မည်သည့်ပုဂ္ဂိုလ်မဆို နေရာမရွေး၊ အချိန်မရွေး အလွယ်တကူဖတ်မှတ်လေ့လာနိုင်လာပြီး သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက်လည်း အထူးအရေးပါလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com





ဆရာတော်ကြီးအရကျက်မှတ်ပြန်ဆိုတော်မူခဲ့သော
စာမျက်နှာ၁၆၀၀၀ အုပ်ရေ၂၁ရှိပိဋကတ်သုံးပုံ။



အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော
"The Guinness Book of Records 1985"
စာအုပ်ကြီး စာမျက်နှာ-၁၆၄ ၌
ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏
အံ့ချီးဖွယ်မှတ်ဉာဏ်ကောင်းပုံကို ကမ္ဘာ့မှတ်ဉာဏ်အကောင်းဆုံးပုဂ္ဂိုလ်အဖြစ်
အောက်ပါအတိုင်းဖော်ပြထားပါသည်။

- Human memory
  BhandnncaVicitsara recited 16,000 pages of Bhuddistcanonical textsinRangoon,Bnrma in May 1954. Rare inst ances of eidetic memory-tne ability to re-project and hence "visually "recall material-areknown to science.



ဆဋ္ဌသင်္ဂါယနာတင်အခမ်းအနားတွင် မဟာစည်ဆရာတော်ကြီး၏အမေးပုစ္ဆာများကို အထစ်အငေါ့မရှိ လျှောက်တင်ဖြေဆိုတော်မူခဲ့သော


# မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင် လူငယ်တိုင်းအတွက်

# ၃၈ – ဖြာမင်္ဂလာတရားတော်



www.burmeseclassic.com

www.burmeseclassic.com



# ၃၈- မြတ် မင်္ဂလာတရားတော်

၁။ အသေဝနာစ ဗာလာနံ၊ တော်မင်္ဂလမုတ္တမံ။

- လူမိုက်ကို ရှောင်ကြဉ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနှင့် ကင်းအောင်နေ။

၂။ ပဏ္ဍိတာနဉ္စ သေဝနာ၊ တော်မင်္ဂလ မုတ္တမံ။

- ပညာရှိကို မှီဝဲဆည်းကပ်ခြင်းသည် ကောင်းမြတ်သောမင်္ဂလာမည်၏။
- ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူလေ။



၃။ ပူဇာစ ပူဇနေယျာနံ၊ တော်မင်္ဂလမုတ္တမံ။

- ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- သုံးပါးရတနာ မိဘများနှင့် ဆရာသမားကို ပူဇော်လေ။

၄။ ပဋိရူပ ဒေသဝါသောစ၊ တော်မင်္ဂလမုတ္တမံ။

- သင့်လျော်ရာအရပ်၌ နေရခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ကုသိုလ်ပညာဉစ္စာရဖို့ သင့်ရာဒေသအမြဲနေ။

www.burmeseclassic.com

www.burmeseclassic.com



၅။ ပုဗ္ဗေစ ကတပုညတာ၊ တော်မင်္ဂလမုတ္တမံ။

- ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ရှေးကတင်ကြို ပြုခဲ့ဖူးသည့် ကောင်းမှုအထူးရှိပါစေ။

၆။ အတ္တသမ္မာပဏိဓိစ၊ တော်မင်္ဂလမုတ္တမံ။

- မိမိကိုယ်နှင့် စိတ်ကို ကောင်းစွာထားခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့ ဆောက်တည်လေ။



၇။ ဗာဟုသစ္စဉ္စ၊ တော်မင်္ဂလမုတ္တမံ။

- အကြားအမြင်၊ ဗဟုသုတများခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- တတ်ကောင်းတတ်ရာဟူသမျှကို ကြားမြင်သုတရှိပါစေ။

၈။ သိပ္ပဉ္စ၊ တော်မင်္ဂလမုတ္တမံ။

- စက်မှု၊ လက်မှု အတတ်ပညာတစ်ခုခုကို ကောင်းစွာတတ်မြောက်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊ အသက်မွေးဖို့ အတတ်သင်လေ။

www.burmeseclassic.com

www.burmeseclassic.com



၉။ ဝိနယောစ၊ သုသိက္ခိတော တော်မင်္ဂလမုတ္တမံ။

- ကိုယ်ကျင့်၊ မိဝတ်၊ ဖဝတ်၊ ဆရာဝတ်၊ နေနည်းထိုင်နည်း အထွေထွေကို သင်ခြင်း၊ ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြားနားလည်စေ။

၁၀။ သုဘာသိတာစ ယာဝါစာ၊ တော်မင်္ဂလမုတ္တမံ။

- စကားကို ကောင်းမွန်စွာပြောဆိုခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေးတတ်ပါစေ။

၁၁။ မာတာပိတု ဥပဋ္ဌာနံ၊ တော်မင်္ဂလမုတ္တမံ။

- မိဘကိုလုပ်ကျွေးပြုစုခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- မြင်းမိုရ်ရွှေတောင် မိဘကျေးကို ကောင်းစွာဆပ်ပေးဝတ်ကျေကျေ။

၁၂။ ပုတ္တဒါရဿသင်္ဂဟော၊ တော်မင်္ဂလမုတ္တမံ။

- **သားမယားကို ချီးမြှောက်ထောက်ပံ့ခြင်းသည်** မြတ်သောမင်္ဂလာမည်၏။
- **ကြွေးသစ်ချကာ သားနှင့်မယားကို** မြှောက်စားချီးမြှင့်ဝတ်ကုန်စေ။



www.burmeseclassic.com

www.burmeseclassic.com



၁၃။ အနာကုလာစကမ္မန္တာ၊ ဧတံမင်္ဂလမုတ္တမံ။

- အရှုပ်အထွေး၊ အနှောက်အယှက်ကင်းသော အလုပ်ကိုလုပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- အလုပ်တာဝန်မလစ်ဟင်းနှင့်၊ အပြစ်ကင်းအောင်လုပ်ပါလေ။

၁၄။ ဒါနဉ္စ၊ ဧတံမင်္ဂလမုတ္တမံ။

- ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- သုံးတန်စေတနာ ဖြူစင်လန်းလို့ ပေးကမ်းဝေမျှလှူနိုင်စေ။

၁၅။ ဓမ္မစရိယာစ၊ ဧတံမင်္ဂလမုတ္တမံ။

- သုစရိုက်တရားကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ကိုယ်နှုတ်စိတ်ကြီ မမိုက်မှားနဲ့ သုစရိုက်တရားကိုကျင့်ပါလေ။

၁၆။ ဉာတကာနဉ္စ သင်္ဂဟော ၊ ဧတံမင်္ဂလမုတ္တမံ။

- ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ဆွေမျိုးတွေကို ပြင်ပမထားနဲ့ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။



www.burmeseclassic.com

www.burmeseclassic.com



၁၇။ အနဝဇ္ဇာနိ ကမ္မာနိ၊ တော်မင်္ဂလမုတ္တမံ။

- အပြစ်ကင်းသောအလုပ်တို့ကို ပြုလုပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- သန့်စင်ပြစ်မျိုး လူထုအကျိုး သယ်ပိုးဆောင်ရွက်စေ။

၁၈။ အာရတီပါပါ၊ တော်မင်္ဂလမုတ္တမံ။

- မကောင်းမှုများကို စိတ်ဖြင့်ရှောင်ကြဉ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- မကောင်းမှုတွေဟူသမျှကို မတွေ့ခင်က ရှောင်ကြဉ်လေ။

၁၉။ ဝိရတီပါပါ၊ တော်မင်္ဂလမုတ္တမံ။

- မကောင်းမှုများကို ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့ အထူးသဖြင့်စောင့်စည်းနေ။

၂၀။ မဇ္ဇပါနာစ သံယမော၊ တော်မင်္ဂလမုတ္တမံ။

- သေရည်အရက်သောက်ခြင်းမှ စောင့်စည်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- အရက်သေစာ မသောက်စားနဲ့ မှောက်မှားတတ်တဲ့အရာပေ။



www.burmeseclassic.com

www.burmeseclassic.com



၂၁။ အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံမင်္ဂလမုတ္တမံ။

- ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- လုပ်ကိုင်ပြောကြား သတိထား တရားမမေ့စေ။

၂၂။ ဂါရဝေါစ၊ ဧတံမင်္ဂလမုတ္တမံ။


- ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက ဆည်းကပ်ခစားရိုသေလေ။

၂၃။ နိဝါတောစ၊ ဧတံမင်္ဂလမုတ္တမံ။

- မိမိကိုယ်ကို နှိမ့်ချခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- မာနတံခွန် ဂုဏ်မကြွနဲ့ ကိုယ့်ကိုနှိမ့်ချအမြဲနေ။

၂၄။ သန္တုဋ္ဌီစ၊ ဧတံမင်္ဂလမုတ္တမံ။

- ရောင့်ရဲလွယ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- လောဘအပို လိုမလိုက်နဲ့ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။



www.burmeseclassic.com

www.burmeseclassic.com



၂၅။ ကတညုတာ၊ တော်မင်္ဂလမုတ္တမံ။

- ပြုခဲ့ဖူးသည့် ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေ။

၂၆။ ကာလေန ဓမ္မဿဝနံ၊ တော်မင်္ဂလမုတ္တမံ။

- သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ကောင်းကျိုးဆင့်ပွား မြတ်တရား နာကြားမပြတ်ပေ။



၂၇။ ခန္တီစ၊ တော်မင်္ဂလမုတ္တမံ။

- သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ဝတ်စားနေထိုင် ရန်ခပ်သိမ်း စိတ်ကိုချုပ်ထိန်း သည်းခံလေ။


၂၈။ သောဝစဿတာ၊ တော်မင်္ဂလမုတ္တမံ။

- ပြောဆိုဆုံးမလွယ်ကူခြင်း(ဝါ)နာယူမှတ်သားလွယ်ကူခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ကျိုးကြောင်းပြည့်ဝန် ဆုံးမစကားကို ပြောကြားလာက နာလွယ်စေ။

www.burmeseclassic.com

www.burmeseclassic.com





၂၉။ သမဏာနဉ္စ ဒဿနံ၊ ဧတံမင်္ဂလမုတ္တမံ။

- ရဟန်းတော်တို့ကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- သူမြတ်ပုဂ္ဂိုလ်ဟူသမျှကို မကြာခဏ တွေ့ဆုံလေ။

၃၀။ ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံမင်္ဂလမုတ္တမံ။

- သင့်လျော်သောအခါ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- သဘာ၀တွေး မှန်ကန်ရေး ဆွေးနွေးမပြတ်ပေ။

၃၁။ တပေါ စ၊ ဧတံမင်္ဂလမုတ္တမံ။

- မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ကိုကောင်းစွာစောင့်စည်းခြင်းဟုဆိုအပ်သော ဣန္ဒြိယသံဝရကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- လောကီအာရုံ ဖိမ်ယစ်မူးလို့ အပျော်မကြူးနဲ့ ငြိုးငြိလေ။

၃၂။ ဗြဟ္မစရိယဉ္စ၊ ဧတံမင်္ဂလမုတ္တမံ။

- မေထုန်အကျင့်ကို ရှောင်ကြဉ်၍ ရဟန်းတရားကို အားထုတ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့ သူမြတ်ကျင့်ထုံးယှဉ်းမသွေ။


www.burmeseclassic.com

www.burmeseclassic.com



၃၃။ အရိယသစ္စာန ဒဿနံ၊ ဧတံမင်္ဂလမုတ္တမံ။

- အရိယသစ္စာလေးပါးကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့ အမှန်သိအောင် ကြိုးစားလေ။



၃၄။ နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံမင်္ဂလမုတ္တမံ။

- နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း အလင်းပေါက်နိုင်စေ။

၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊ ဧတံမင်္ဂလမုတ္တမံ။

- လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံရသည့်အခါ စိတ်ကိုမတုန်မလှုပ်နေနိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ဆင်းရဲချမ်းသာသဘာဝ တွေ့ကြုံနေကြ လူတိုင်းပေ။
- ကောင်းဆိုးနှစ်တန်အစုံတွဲလို့ တလဲစီလှည့်အမြဲနေ။
- လောကဓံကြုံ မဖြုံတမ်းပေါ့ မတုန်စမ်းနဲ့ စိတ်ခိုင်စေ။

www.burmeseclassic.com

www.burmeseclassic.com



၃၆။ အသောက်၊ တော်မင်္ဂလမုတ္တမ်။

- စိုးရိမ်သောကမရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- သောကကိုထိန်း။

၃၇။ ဝိရဇံ၊ တော်မင်္ဂလမုတ္တမ်။

- ရာဂစသော မြူမရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- ရမ္မက်သိမ်း။

၃၈။ ခေမံ၊ တော်မင်္ဂလမုတ္တမ်။

- ဘေးရန်ကင်းခြင်း၊ အေးငြိမ်းချမ်းသာခြင်းသည် မြတ်သောမင်္ဂလာမည်၏။
- အေးငြိမ်းချမ်းသာနေ၊



အဲဒါမှ 'ဗုဒ္ဓဝါဒ'ကမ္ဘာ့မင်္ဂလာတွေ။

အဲဒါမှ 'ဗုဒ္ဓဝါဒ' ကမ္ဘာကသိပါစေ။

www.burmeseclassic.com

www.burmeseclassic.com



# ကေသမုတ္တိသုတ် (ခေါ်) ကာလာမသုတ်

(လူငယ်တို့နားလည်စေရန် အနှစ်ချုပ်)



၁။ တစ်ဆင့်ပြောလာသော စကားကိုလည်း မယုံနဲ့။

၂။ ကောလဟာလ(မသေချာသော) စကားကိုလည်း မယုံနဲ့။

၃။ စာအုပ်ထဲကပြောတိုင်းလည်း မယုံနဲ့။

၄။ အစဉ်အလာ ဘိုးဘွားစဉ်ဆက်ဆိုတိုင်းလည်း မယုံနဲ့။

၅။ ဟိုနည်းဒီနည်း နည်းကူးချပြီးလည်း မယုံနဲ့။

၆။ အတွေးကောင်းတိုင်း မှန်တယ်ဆိုပြီးလည်း မယုံနဲ့။

၇။ ယုတ္တိများနဲ့ ဆင်ခြေပေးတိုင်းလည်း မယုံနဲ့။

၈။ ငါ့အယူဝါဒသာ မှန်တယ်ဆိုပြီးလည်း မယုံနဲ့။

၉။ လေးစားကြည်ညိုထိုက်သူက ပြောတိုင်းလည်း မယုံနဲ့။

၁၀။ ဆရာပြောတိုင်းလည်း အားလုံးမှန်ပြီလို့ မယုံနဲ့။

ကိုယ်တိုင်သာလျှင် **သိအောင်လုပ်**ကြ။ မှား/မှန်၊ ဆိုး/ကောင်းကို ကိုယ်တွေ့သိမြင်ခံစားပြီးမှ လက်ခံယုံကြည်ကျင့်သုံးပါ။

www.burmeseclassic.com

www.burmeseclassic.com

*If there is any religion that would cope with modern scientific needs it would be Buddhism.*

**Sir Albert Eistein**

အကယ်၍ ခေတ်သစ်သိပ္ပံပညာရပ်များနှင့်ယှဉ်ပြိုင်နိုင်သည့် တစ်ခုတည်းသောဘာသာရေးအဖြစ် လိုအပ်လာခဲ့သည်ဆိုပါလျှင် ၎င်းဘာသာရေးသည် ဗုဒ္ဓဘာသာပင်ဖြစ်ပါလိမ့်မည်။

ဆာအဲလဘတ်အိုင်းစတိုင်း

www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့အလံ

စတင်တီထွင်သူ - အမေရိကန်လူမျိုး ဗိုလ်မှူးကြီး ဟင်နရီစတီးလ်အော့လ်ကော့ ။ (Col. Henry Steele Olcott)


ရည်ရွယ်ချက် - ဗုဒ္ဓ၏ ရောင်ခြည်တော်ခြောက်သွယ်ကို စိတ်ကူးဉာဏ်ဖြင့် ရည်ညွှန်းပူဇော်ခြင်း။

စတင်တည်ထွင်သည့်နှစ် - ၁၇ - ၄ - ၁၈၈၅

စတင်လွှင့်ထူသည့်နှစ် - ၂၈ - ၅ - ၁၈၈၅

တစ်ကမ္ဘာလုံးတွင်လွှင့်ထူသည့်နှစ် - ၂၅ - ၅ - ၁၉၅၀

မြန်မာနိုင်ငံတွင်လွှင့်ထူသည့်နှစ် - ဆဋ္ဌသင်္ဂါယနာတင်ချိန်။ သာသနာနှစ် (၂၅၀၀)၊ ခရစ်နှစ် (၁၉၅၆)။




အပြာရောင် - မေတ္တာတရား၊ ငြိမ်းချမ်းခြင်း၊ ကရုဏာ၊ သဒ္ဓါတရား တို့ကို ဖော်ကျူး။

အဝါရောင် - အစွန်းနှစ်ဖက်ကိုရှောင်၍ မြင့်မြတ်သောမဇ္ဈိမပဋိပဒါ လမ်းစဉ်ကို ဖော်ကျူး။


အနီရောင် - ပညာ၊ သီလ၊ အကျင့်၊ ဂုဏ်သိက္ခာတို့ကို ဖော်ကျူး။

အဖြူရောင် - စင်ကြယ်သန့်ရှင်းခြင်း နှင့် နိဗ္ဗာန်ကိုဖော်ကျူး။

လိမ္မော်/ပန်းရောင် - မြတ်စွာဘုရားရှင်၏ အဆုံးအမကို ဖော်ကျူး။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ဤရုပ်စုံ ပုဒ္ဓဝင်အကျဉ်းချုပ်စာအုပ်တွင် ပါဝင်သော ပန်းချီပုံများကို ရေးဆွဲပူဇော်ခဲ့သူ



## ပန်းချီ  (၁၉၅၇-၂၀၀၈) ၏

## ကိုယ်ရေးအကျဉ်း



ပန်းချီရွှေစိုးတန်ကို ၁၃၁၉–ခု၊ တန်ခူးလဆန်း(၅)ရက်၊ (၁၉၅၇–ခု၊ အပြီနေ့) တွင် မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့နေ အဘ ဦးမြဒင်၊ အမိ ဒေါ်သန်းကြည်တို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးစိုးမြင့် ဖြစ်သည်။

၁၉၇၅ ခုနှစ်တွင် မန္တလေးပန်းချီပန်းပုကျောင်းသို့ တက်ရောက်ပညာဆည်းပူးခဲ့သည်။၁၉၇၉ ခုနှစ်ခန့်မှစ၍ ရန်ကုန်တွင်အခြေချကာ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီပုံများ ရေးဆွဲရင်း တိုးတက်အောင်မြင်လာသူဖြစ်သည်။

ပန်းချီရွှေစိုးတန်သည် မြန်မာ့ရိုးရာအနုပညာတွင် ခေတ်သစ်အမြင်ပေါင်းစပ်ကာ ရှင်သန်ပျော့ပျောင်းသော ကောက်ကြောင်းများဖြင့် ဆန်းသစ်သောစိတ်ကူး၊ ပိုင်နိုင်သော ရေးချက်များကို ကိုယ်ပိုင်ဟန်ဖြင့် ရေးဆွဲနိုင်သူဖြစ်သည်။


မျဉ်းမျှင် မျဉ်းသေးလေးများဖြင့် အနုစိတ်ရေးဆွဲသည်သာမက မျဉ်းထူ လိုင်းကြီး စုတ်ဆွဲရေးချက်များသည်လည်း အသက်ဝင်ပြီး ကိုယ်ပိုင်ဟန်နှင့်အားမာန်အပြည့် ရှိလှသည်။ မြန်မာမှုအနုပညာကို အခြေခံပြီး သူဖန်တီးဆန်းသစ်ထားသော လိုင်းရှင်များသည် မြန်မာတို့မျက်စိအမြင်တွင် မင်္ဂလာတစ်ပါး ဖြစ်ခဲ့ရသည်။

ကွယ်လွန်သူ ပန်းချီဆရာကြီး ဗဂျီအောင်စိုး၏အိမ်တွင်နေထိုင်ရင်း ဆရာကြီး၏နည်းပေးလမ်းညွှန်မှုကို ခံယူသည့်သားတပည့်ဖြစ်သောကြောင့်လည်း သူ၏ပန်းချီတိုင်းတွင် မြန်မာမှုအငွေ့အသက်နှင့် ရှင်သန်ထက်မြက်သော လိုင်းပျော့မျဉ်းကွေးများကို တလေးတစားထည့်သွင်းရေးဆွဲခဲ့သည်မှာ ထင်ရှားပေါ်လွင် ပီပြင်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com





သီလဝ၊ မြတ်ပန်းရဂုံ၊ ရတနာ့တံခွန် စသော ဘာသာရေးမဂ္ဂဇင်းများ၊ ဖတ်စရာ၊ ယဉ်ကျေးလိမ္မာ၊ အလင်းတန်း စသောဂျာနယ်များ၊ ရွှေအမြုတေ စသောမဂ္ဂဇင်းများ အပြင် စာအုပ်၊ စာစောင်အမျိုးမျိုးတို့တွင် မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်ပန်းချီပုံပေါင်းများစွာတို့ကို ရေးဆွဲခဲ့သည်။ ထို့ပြင် ဆီဆေး၊ ရေဆေး ပန်းချီကားပေါင်းများစွာ တို့ကိုလည်း လက်ရာမြောက်စွာ ရေးဆွဲခဲ့သည်။

"ကျေးလက်ဒေသတွင် မွေးဖွားကြီးပြင်းခဲ့ပြီး လယ်သမားတစ်ဦး၏သား ဖြစ်သည်နှင့်အညီ ကျေးလက်ပန်းချီကိုသာ နှစ်နှစ်ခြိုက်ခြိုက် စွဲမက်ဖွယ် ရေးခြယ်ဖြစ်နေဦးမည်" ဟု ပြောခဲ့သလို လက်တွေ့တွင်လည်း သူ၏ပန်းချီကားများတွင် နွား၊ နွားခလေး၊ နွားလှည်း၊ နွားပွဲ အပါအဝင် နွား၏လှုပ်ရှားမှု စရိုက်မျိုးစုံနှင့် ကျေးလက်တောသဘာဝ အလှအပများကို (မကွယ်လွန်မီအချိန်ထိ) အလေးထား၍ စဉ်ဆက်မပြတ်ရေးဆွဲခဲ့သူဖြစ်သည်။

ကွယ်လွန်ခဲ့ချိန် (၃၁-၁-၂၀၀၈)တွင် ဇနီးဒေါ်စုစုတင်နှင့်အတူ သားကြီး ဗိုလ်အောင်ခန့်မော်(လဝန်းယံ)၊ သားလတ် မောင်ချစ်ခွန်းညီ၊ သမီးငယ် မပြတ်သွန်းကံတို့ ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး(ဦး)အောင်သင်း၏ ၂၀၀၉ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့ထုတ် ဈေးကွက်ဂျာနယ် အမှတ်(၆၁၁)ပါ ''မျိုးဆက်သစ်အကောင်းစားလေးတွေ'' ဆောင်းပါးကို ပြန်လည်ဖော်ပြပါသည်။

ငါကိုယ်တိုင်က ကျောင်းဆရာဘဝမှာ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရတဲ့အပြင် မျိုးဆက်သစ်တိုးတက်ရစ်ဖို့ဆိုတဲ့ စာတွေရေးခဲ့တာတွေ၊ဟောပြောခဲ့တာတွေကြောင့် လူငယ်တပည့်တပန်းတွေ တော်တော်လေးကို များပြားလာခဲ့ပါတယ်။အဲဒီလူငယ်လေးတွေက သူတို့ဘာသာ မေးမြန်းစုံစမ်းပြီး အိမ်တိုင်ရာရောက် လာကန်တော့ကြတာတွေ၊ မိတ်ဆက်ကြတာတွေဟာ ငါ့အဖို့ ပီတိဖြစ်ရတာတွေပဲ ဆိုပါတော့။

တစ်နေ့မှာတော့ "လှမြင့်အောင်နဲ့အိဇာမွန်" ဆိုတဲ့ ဇနီးမောင်နှံလေးနှစ်ယောက် ငါ့အိမ်ကိုရောက်လာတယ်။ ငါက အိမ်ပေါ်ထပ်ဝရန်တာမှာ ထိုင်နေတာပါ။ သူတို့က ငါ့အိမ်ကိုလွန်သွားပြီးမှ ပြန်လှည့်လာကြရတာပါ။ အဲဒါ ပထမဆုံးတွေ့ရခြင်းပါပဲ။ နောက်တော့ အလွန်ပဲရင်းနှီးချစ်ခင်လာတာကြောင့် ငါ့ကို ဆရာလို့မခေါ်တော့ဘဲ "အဖေ" လို့ခေါ်ကြပါတယ်။

အဲဒီလောက်ဆိုရင်တော့ စာဖွဲ့နေစရာမလိုတော့ပါဘူး။ ခုတော့ဖြင့် စာမဖွဲ့ရင်မနေနိုင်လောက်အောင် သူတို့က လုပ်လာကြတယ်။

"ရုပ်စုံဗုဒ္ဓဝင်အကျဉ်းချုပ်" ဆိုတဲ့ ဓမ္မဒါနစာအုပ်ကလေးကို ထုတ်လိုက်ကြတာပါပဲ။ ဆေးရောင်စုံပန်းချီတွေနဲ့ပေါ့။ ပိုပြီးစိတ်ထဲမှာ လွမ်းသွားရတာက သွားလေသူ "ရွှေစိုးဟန်" ဆိုတဲ့ အကောင်ပါပဲ။ ဒီကောင်က ငါ့ညီလေးလိုရင်းနှီးခဲ့ပြီး ဆိုလိုက်၊ဆဲလိုက်ဆိုသလို နေခဲ့တာပါ။ ပန်းချီမှာ ကိုယ်ပိုင်ဟန်ထွက်လာအောင် ကြိုးစားခဲ့တဲ့ပညာရှင်တစ်ယောက်ပါပဲ။ လက်စသတ်တော့ လှမြင့်အောင်နဲ့ အိဇာမွန်တို့က ရွှေစိုးဟန်ကို အစ်ကိုကြီးတစ်ယောက်လို ချစ်ခဲ့ကြတာကိုး။ နောက်ပြီး ရွှေစိုးဟန်ရဲ့ဗုဒ္ဓဝင်ပန်းချီကားတွေကိုလည်း ကြည်ညိုနေကြတယ်။ ဒါကြောင့် စာအုပ် ထုတ်ချင်ပါတယ်ဆိုတော့ ရွှေစိုးဟန်ရဲ့ဇနီးသည် "စုစုတင်"နှင့်တကွ မိသားစုက ကြည်ကြည်ဖြူဖြူခွင့်ပြုကြတယ်ဆိုပါတော့။

**"အဖြူရောင်မေတ္တာ"** လူငယ်များအဖွဲ့ဆိုပဲ။

ငါဖြင့်လေ ဘယ်လိုသဘောကျသွားမှန်း မသိဘူး။ သဘောကျတယ်ဆိုတာထက် ကြည်ညိုသွားမိတယ်လို့သာ ပြောလိုက်ချင်မိတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုစရာကောင်းတဲ့ လူငယ်အဖွဲ့မဟုတ်လား။

မဖိတ်မခေါ်ဘဲ ငါ့ကို ဖွတ်အတင်း အဖေလာပြီးခေါ်နေတဲ့ ငါ့သားလေး လှမြင့်အောင်ရဲ့ ကျေးဇူးမော်ကွန်း အမှာစကားထဲက နည်းနည်းလောက် ထုတ်ဖော်ပြလိုက်ပါရစေ။

**"ဤရုပ်စုံဗုဒ္ဓဝင်အကျဉ်းချုပ်စာအုပ်ငယ်ကို စီစဉ်ပူဇော်ဖြစ်တဲ့အကြောင်းလေးပြောရင် ကျွန်တော့်အလုပ်ကပဲ စရပါလိမ့်မယ်။ ကျွန်တော့်အလုပ်က စာသင်တယ်။ (ကျူရှင်)ကျောင်းဆရာဆိုပါတော့။ ဒီတော့ ကျွန်တော်အမြဲ ထိတွေ့ဆက်ဆံနေရတာက ကျွန်တော့်တပည့် (၉-တန်း၊ ၁၀-တန်း) ဆယ်ကျော်သက် အရွယ်လူငယ်တွေပါ။ ဒီလိုသူတို့လေးတွေကို စာသင်ပေးရင်းနဲ့ ကျွန်တော်သတိထားမိလာတာက (ကျွန်တော့်တပည့်) ဗုဒ္ဓဘာသာဝင်လူငယ်လေးတွေဟာ သူတို့ဆည်းကပ်ကိုးကွယ်ပူဇော်နေတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့အကြောင်း(ဗုဒ္ဓဝင်)ကို သိနားလည်မှုမှာ အတော်လေးကို အားနည်းနေတယ်ဆိုတာပါပဲ။ တပည့်တွေ မသိနားမလည်တာကို သိရှိနားလည်လာအောင် သင်ပြပေးနေတဲ့ ဆရာ(မိတ်)တစ်ယာက်အနေနဲ့ရော၊ ကျွန်တော့်ရဲ့တပည့်ငယ်(ထမင်းရှင်)တွေကို ကျေးဇူးဆပ်တဲ့ အနေနဲ့ပါ ဤစာအုပ်ကို စီစဉ်ပူဇော် ဖြစ်ခဲ့ပါတယ်။"**

ငါ့မှာလေ *"ကျွန်တော်၏တပည့်ငယ်(ထမင်းရှင်)တွေကို"* ဆိုတဲ့ စကားကိုတွေ့လိုက်ရတော့ ငါ့ရဲ့သားတပည့်ကြီး လှမြင့်အောင်ကိုရောသူ့ဇနီး ငါ့သမီးကြီး အိဇာမွန်ကိုပါ ပိုလို့ချစ်သွားမိတာ အမှန်ပါပဲ။

ထားလိုက်ပါတော့ကွယ်။ အမွှန်းတင်ချင်တာက ရွှေစိုးဟန်ဆိုတဲ့ ညီငယ်ပါပဲ။

မင်းတို့အားလုံး ဆရာကြီးဦးဗကြည်ရဲ့ ရုပ်စုံဗုဒ္ဓသာသနာဝင်စာအုပ်ကို တွေ့ဖူးကြမှာပါ။ ငါကပန်းချီကိုလဲ ဝါသနာပါခဲ့ဖူးလေတော့ အဲဒီစာအုပ်ကို သေသေချာချာ ကြည့်ခဲ့ဖူးတယ်။ အထပ်ထပ်ကြည့်ခဲ့ဖူးတယ်။ စွဲနေတာလေးတစ်ခုက ဝေဠုဝန်ကျောင်းသရုပ်ဖော်ရာမှာ ပြတင်းပေါက်ကမြင်နေရတဲ့ ဝါးရုံကလေးက ဝါးပင်မှာ အစိမ်းပေါ်အဝါပြောက်လေးစွက်နေပုံကို သိပ်ပြီးသဘောကျတာပဲ။ ဒါနဲ့ ဆရာ့ကိုပြောပြလိုက်တော့ ဆရာကြီးဦးဗကြည်က *"ကိုအောင်သင်းရေ အဲဒီကားတွေကို ရေးဖို့စီစဉ်လိုက်တော့ ဆရာကလေ တောရကျောင်းတွေမှာ သုံးလေးလအောင်းနေခဲ့ပါသေးတယ်။ အဲဒီလိုအာရုံကိုရမှ ဆရာကရေးခဲ့တာပါ"* တဲ့။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီစကားကို သတိရမိပြီး ငါ့ကောင်ရွှေစိုးဟန်ရဲ့ ပုဒ္ဒဝင်ရုပ်စုံပန်းချီတွေကို ပြန်ကြည့်လိုက်တော့ "ဟာ ဒီကောင်ဟာ ကလေးတွေကိုအာရုံပြုပြီး ရေးသွားတဲ့ ပန်းချီကားတွေပါလား"လို့ ခံစားမိလိုက်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ဘုရားအလောင်းသုမေဓာ၊ ယသော်ဓရာအလောင်းသုမိတ္တာ ဆိုတာကစပြီး ကလေးမျက်နှာ၊ ကလေးဟန်ပန်တွေဖြစ်နေတာကို တွေ့ရတယ်။ ရွှေစိုးဟန်က သူ့ရဲ့ပန်းချီကို မြင်တဲ့ကလေးတိုင်းက ဘုရားရှင်ကို ချစ်သွားကြစေချင်တဲ့ စေတနာနဲ့ရေးခဲ့ပုံရတယ်။ ဆရာကြီးဦးဗကြည်နဲ့ ပုံစံကွဲသွားအောင် ကြိုးစားတာလဲ ဖြစ်မှာပေါ့ကွယ်။ ဒါပေမယ့် ရွှေစိုးဟန်ရဲ့ ပင်ကိုဟန် ကနုတ်မျဉ်းတွေကိုတော့ ပုံတိုင်းမှာတွေ့နေရတယ်။ နောက်ပိုင်းမှာပါတဲ့ သုံးဆယ့်ရှစ်ဖြာမင်္ဂလာအရုပ်ကလေးတွေဆိုရင် ကလေးအရုပ်ကလေးတွေ ပိုပြီးပီသလာတယ်။ တချို့ပုံတွေမှာ ဆိုရင် မန္တလေးပေါ်ဦးသက်ရဲ့ ဩဇာနည်းနည်းဝင်လာသလား ထင်မိတယ်။

ကဲ. ငါလည်းတွေ့ကရာတွေ လျှောက်ရေးနေသလိုဖြစ်နေပြီ။ ပြောခဲ့တဲ့ ငါ့သားတပည့်ကြီးလှမြင့်အောင်လုပ်တဲ့ ဓမ္မဒါနကုသိုလ်ကြီးကို ပိုင်းပြီး ကူညီကြစေချင်ပါတယ်။ ဓမ္မဒါနငွေကြေးမလှူနိုင်ရင်တောင်မှ ကိုယ့်ဆွေမျိုးသားချင်း မျိုးဆက်သစ်ကလေးတွေအတွက် သွားပြီးအလှူခံစာအုပ် တောင်းကြပါ။ သူတို့က မတွန့်တိုတတ်ကြပါဘူး။ ငါလည်းပဲ တတ်နိုင်သမျှတော့ ဓမ္မဒါနငွေလေးကြေးလေး လှူလိုက်အုံးမှာပါ။ သားသမီးတွေရဲ့ကောင်းမှု ဝေစုယူတဲ့သဘောပေါ့။

လိပ်စာတော့ပေးလိုက်မယ်။ ဓမ္မဒါနပြုလိုပါလျှင်တဲ့. . .

**ပညာအောင်မြေ(စာသင်၊စာကျက်ပိုင်း) အမှတ်(၃၅)၊ရာဇာဓိရာဇ်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**

**"အဖြူရောင်မေတ္တာ"လူငယ်များအဖွဲ့၊ ဖုန်း- ၀၉-၅၁၁၂၄၁၆၊ ၀၉-၅၀၄၄၁၅၇၊ ၀၉-၅၀၅၉၇၇၂၊ ၀၁-၅၅၃၃၅၁ သို့ဆက်သွယ်လှူဒါန်း နိုင်ပါသည်** ဆိုကိုး။

ငါကိုယ်တိုင်လဲ ငါနေတဲ့ စမ်းချောင်း၊ ဓမ္မိကဝတီလမ်းတိုလေးထဲက မူလတန်းကျောင်းလေးကို လှူလိုက်ပါဦးမယ်။

မျိုးဆက်သစ်ပေါက်စလေးတွေ အတွက်ပေါ့ကွယ်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စေတနာအား၊ ငွေအားစိုက်ထုတ်၍ ပါဝင်လှူဒါန်းကြသောမွေဒါနကုသိုလ်ရှင်များ

| | |
|---|---|
| - 'အပြုံရောင်မေတ္တာ'လူငယ်များအဖွဲ့။ | ၂၀၀၀၀၀ -ကျပ် |
| - (အဖေ) ဆရာကြီးဦးအောင်သင်း။ | ၁၀၀၀၀၀ -ကျပ် |
| - ၂၀၀၈/၀၉ ပညာသင်နှစ် ၊"ပညာအောင်မြေ" စာသင်၊စာကျက်ဝိုင်းမှ ကျောင်းသား/သူများ။ | ၅၀၀၀၀ -ကျပ် |
| - ဦးတိုး(ယစ်မျိုးအုပ်) + ဒေါ်အမာ မိသားစု။ | ၂၅၀၀၀ -ကျပ် |
| - ဦးအေးချို + ဒေါ်စုစုလွင် (ပန်းနုဝေ ဖိနပ်လုပ်ငန်း)။ | ၂၂၅၀၀ -ကျပ် |
| - "မိုး"နည်းပြ မှ ကျောင်းသား/သူများ၊ တိုက်ကြီးမြို့နယ်၊ (ဂျိုးဖြူ)ရေအေးစမ်းရွာ။ | ၂၀၀၀၀ -ကျပ် |
| - ဦးအောင်မြင့် + ဒေါ်ခင်အုံးမြင့် မိသားစု။ | ၂၀၀၀၀ -ကျပ် |
| - ဒေါက်တာလင်းမျိုးထက် + ဒေါ်သဥ္ဇာမောင် ၊သား- မောင်လင်းရောင်စဉ်ထက်(ရက်-၁၀၀ ပြည့်မွေးနေ့အလှူ) | ၂၀၀၀၀ -ကျပ် |
| - ဒေါက်တာမိုးဟိန်းဇော်(မြန်မာစာ) + ဒေါ်သွယ်သွယ်နွဲ့ မိသားစု။ | ၁၃၀၀၀ -ကျပ် |
| - ကိုစန်းမောင် (၂၅၊ ရန်ပြေ ၁၀-လမ်း၊ သာကေတ)။ | ၁၀၅၀၀ -ကျပ် |
| - ရှင်ဥတ္တမ (ကမ္မဋ္ဌာနစရိယ၊ နယ်လှည့်ဓမ္မကထိက) သုဝဏ္ဏရံသီ၊ ရွှေပြောင်ပြောင်ကျောင်းတိုက်၊ ဂျိုးဖြူ။ | ၁၀၀၀၀ -ကျပ် |
| - ကိုသိန်းလွင် ( TOP ကြေးအိုး၊ မိုလ်စိန်မှန်လမ်း၊ ဗဟန်း)။ | ၁၀၀၀၀ -ကျပ် |
| - "အောင်အောင်" ဆေးရိုက်၊ ဘောင်ကူး၊ ကွန်ပျူတာဖိတ်စာ၊ ယပ်တောင်လုပ်ငန်း(သာကေတ)။ | ၁၀၀၀၀ -ကျပ် |
| - ဦးတင်ငွေ + ဒေါ်အေးမြင့် မိသားစု။ | ၁၀၀၀၀ -ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

- မကေသီစန်း (Moon Shade) ၁၀၀၀၀ -ကျပ်
- ဦးဝင်းကျော် + ဒေါ်လှဲ့လှဲ့စိုး၊ သား-မောင်ဝေမင်းသျှန် မိသားစု။ ၁၀၀၀၀ -ကျပ်
- မောင်စစ်ပိုင်၊ ညီမ-ရွှေပိုးဉ၊ မဟာမြင့်မိုရ်လမ်း၊ ဗဟန်း။ ၁၀၀၀၀ -ကျပ်
- ဦးချို + ဒေါ်နီလာမြင့် (ချိုကြည်သာ တေးသံသွင်း)။ ၁၀၀၀၀ -ကျပ်
- ကိုနိုင်ဝင်းကျော် + မကုမုဒြာသန်းဝင်း ၊ သမီး- မိုးစက်ချို မိသားစု။ ၁၀၀၀၀ -ကျပ်
- ကိုကျော်ကျော် + မချယ်ရီ ၇၅၀၀ -ကျပ်
- ကိုအောင်မျိုး + မနီနီလှိုင် ၇၅၀၀ -ကျပ်
- ဦးဝင်းဟန် + ဒေါ်သန္တာအောင်၊ သမီး-ခင်သီရိစံ မိသားစု။ ၇၅၀၀ -ကျပ်
- တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူကျေးရွာမှ ရပ်မိရပ်ဖ စေတနာရှင်များ။ ၅၀၀၀ -ကျပ်
- ဒေါက်တာစန်းလွင် + ဒေါ်လှဲ့လှဲ့မောင်၊ သမီး- သိမ့်သဉ္ဇာစန်း မိသားစု။ ၅၀၀၀ -ကျပ်
- ဦးမင်းဇော် + ဒေါ်မူမူဝင်း၊ သမီး-မေမိမင်းဇော် မိသားစု။ ၅၀၀၀ -ကျပ်
- ဒေါ်တင်မြင့် ၅၀၀၀ -ကျပ်
- ကိုဖိုလ်ဖိုလ်အောင် + မဇင်မာဝင်း ၅၀၀၀ -ကျပ်
- ကိုသိန်းမင်း မိသားစု။ ၅၀၀၀ -ကျပ်
- ကိုကြည်စိုး မိသားစု။ ၅၀၀၀ -ကျပ်

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| - ဦးကံညွန့် + ဒေါ်ကြည်ကြည်ထွေး မိသားစု။ | ၃၀၀၀ -ကျပ် |
| - ကိုကျော်ကျော် + မအေးအေးမာ၊ သမီး- ရွှန်းလဲ့ရည်မွန် မိသားစု။ | ၂၀၀၀ -ကျပ် |

## စာအုပ်ဝယ်ယူလှူဒါန်းကြသော ဓမ္မဒါနကုသိုလ်ရှင်များ။

| | | | | |
|---|---|---|---|---|
| - ဆရာဦးသိန်းလွင်(အင်္ဂလိပ်စာ) မိသားစု။ | အုပ်(၁၀၀) | × | ၇၅၀ | ၇၅၀၀၀ -ကျပ် |
| - ဦးကျော်သိန်းရွှေ + ဒေါ်ဖြူဖြူခိုင် မိသားစု။ | အုပ်(၅၀) | × | ၇၅၀ | ၃၂၅၀၀ -ကျပ် |
| - မသဥ္ဇာထွန်း (ကျောက်ဆည်) | အုပ်(၂၀) | × | ၇၅၀ | ၁၅၀၀၀ -ကျပ် |
| - ကိုမျိုးသူရ | (၁၀)အုပ် | × | ၇၅၀ | ၇၅၀၀ -ကျပ် |
| - မဖြူဝင့်ရည် (Snow) | (၅) အုပ် | × | ၇၅၀ | ၃၇၅၀ -ကျပ် |
| - ဦးကျော်သူ + ဒေါ်ရွှေဇီးကွက် | (၅) အုပ် | × | ၇၅၀ | ၃၇၅၀ -ကျပ် |

ဤ(ရုပ်စုံ)ဗုဒ္ဓဝင်အကျဉ်းချုပ်စာအုပ်ကို ဓမ္မဒါနပြုလှူဒါန်းလိုပါလျှင်

(စာသင်/စာကျက်ဝိုင်း) - အမှတ်(၃၅)၊ရာဇာဓိရာဇ်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

"အဖြူရောင်မေတ္တာ" လူငယ်များအဖွဲ့ - ၀၉-၅၁၁၂၄၁၆၊ ၀၉-၅၀၄၄၁၅၇၊ ၀၉-၅၀၅၉၇၇၂၊ ၀၁၅၅၃၃၅၁ သို့ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ပန်ကြားလွှာ

ပုံအမှတ် - ၁၃ ဘုရားဖြစ်တော်မူကာနီး မာရ်နတ်နှောင့်ယှက်ဖျက်ဆီးလာပုံ။
ပုံအမှတ် - ၁၄ ဘုရားရှင်အဖြစ်သို့ရောက်ရှိတော်မူပုံ။
ပုံအမှတ် - ၁၅ တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့ မြတ်စွာဘုရားရှင်အား ဖူးမြော်လာပုံ။
ပုံအမှတ် - ၁၆ မြတ်စွာဘုရားရှင် ပဥ္စဝဂ္ဂီငါးဦးတို့ကို ဓမ္မစကြာတရားဦးဟောကြားတော်မူပုံ။
ပုံအမှတ် - ၁၉ မြတ်စွာဘုရားရှင်အား သားတော်ရာဟုလာ အမွေတောင်းခံနေပုံ။
ပုံအမှတ် - ၂၀ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားအား အဘိဓမ္မာတရားဖြင့် ကျေးဇူးဆပ်တော်မူပုံ။
ပုံအမှတ် - ၂၁ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပုံ။

တို့သည် "ပန်းချီရွှေစိုးဟန်" ရေးဆွဲထားခဲ့သောပုံများကို ဖော်ပြရန်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် "ပန်းချီရွှေစိုးဟန်" ရေးဆွဲထားခဲ့သောပုံများမှာ မိမိထံတွင် ပြည့်ပြည့်စုံစုံမရှိခြင်း၊ အချို့(လုံး၀)မရှိခြင်းတို့ကြောင့် ဖန်တီးပြုပြင်ထားသောပုံများကိုသာ ထည့်သွင်းဖော်ပြလိုက်ရခြင်းကို နားလည်ခွင့်လွှတ်ပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**လှမြင့်အောင်** (အဖြူရောင်မေတ္တာ)

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းကိုးစာရင်း


| | | |
|---|---|---|
| ၁။ | ရုပ်စုံဗုဒ္ဓသာသနာဝင် | အရှင်ဇနကာဘိဝံသ |
| ၂။ | ဇိနတ္ထပကာသနီကျမ်း | ကျီးသဲလေးထပ်ဆရာတော် |
| ၃။ | အရှေ့တောင်အာရှနိုင်ငံများသို့ဗုဒ္ဓသာသနာတော်ရောက်ရှိပြန့်ပွားလာပုံ | ဦးကောသလ္လ (ဓမ္မစေတီဆရာတော်) |
| ၄။ | သာသနာ့အလံ နှင့် ဓမ္မစေတီ | ဦးကောသလ္လ (ဓမ္မစေတီဆရာတော်) |
| ၅။ | (ဒုတိယဆင့်)ယဉ်ကျေးလိမ္မာသင်ခန်းစာ | အရှင်နန္ဒက (အေးရိပ်မွန် ဓမ္မဝိဟာရ) |
| ၆။ | မင်္ဂလာအတွေးများ | ရဝေနွယ် (အင်းမ) |
| ၇။ | ဗုဒ္ဓဝင်ရုပ်စုံ | နုယဉ် |
| ၈။ | တစ်ခဏဖြစ်ရလူ့ဘဝအနှစ်ပြည့်အောင်ကြိုးစားကြ | ဦးမြင့်လွင် (သန့်၊တည်၊ပွား) |
| ၉။ | ထေရဝါဒနှင့်ပတ်သက်သောမှတ်ချက်များ | နန္ဒာသိန်းဇံ |
| ၁၀။ | လူသားစစ်စစ်ဗုဒ္ဓ | ဦးငွေအောင် (ရက္ခပေဒ) |
| ၁၁။ | ပထမသင်္ဂါယနာသဘင်မြင်ကွင်းကျယ် | ချစ်ဦးညို |


www.burmeseclassic.com